# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)



## မန္တလေးမှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများက မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေး

မြစ်ကြီးနား အောက်တိုဘာ ၂

ကျန်းမာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် မန္တလေးပြည်သူ့ဆေးရုံကြီး၊ ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံကြီး(မန္တလေး)၊ ကလေးဆေးရုံကြီး(မန္တလေး)တို့မှ ပါမောက္ခ/အထူးကုဆရာဝန်ကြီး ၁၂ ဦး ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ယမန်နေ့နံနက်ပိုင်းမှစတင်ကာ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများအား အခမဲ့ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍





## ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ Jeng Phang နော်တောင်(ခ)ဦးနော်တောင်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးချစ်ဆွေ၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးတေဇကျော်၊ အတွင်းရေးမှူး ဦးသန်းအောင်နှင့် ပူးပေါင်းကော်မတီဝင်များ၊ စိစစ်ရေးပူးပေါင်းအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪


**ယနေ့ ဖတ်စရာ**

**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပ**

စာမျက်နှာ » ၄

---

**တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ**

စာမျက်နှာ » ၇

---

**အာဆီယံအပေါင်းသုံး အရေးပေါ် ဆန်ရိက္ခာ(APTERR) အစီအစဉ်-၃ (၂၀၂၅)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသော ဆန် ၁၆၃ ဒသမ ၈၇၇ တန်အား စိုက်ပျိုးရေးဦးစီးဌာနမှ တစ်ဆင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်**

စာမျက်နှာ » ၁၅





၂၀၂၆ ခုနှစ် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ အနောက်တောင်မုတ်သုံလေ ဆုတ်ခွာသည့်ရက်များပြပုံ

## မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ အနောက်တောင်မုတ်သုံလေ ဆုတ်ခွာ

နေပြည်တော် အောက်တိုဘာ ၂

အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ မိုး/ဇလ

## ဆောင်းဦးရာသီ နီးလာသဖြင့် ရွှေသောင်ယံကမ်းခြေတွင် မျှင်ပစ်လုပ်ငန်းများ စတင်လုပ်ဆောင်

ရွှေသောင်ယံ အောက်တိုဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံကမ်းခြေဒေသတွင် ဆောင်းဦးရာသီ နီးကပ်လာပြီဖြစ်သဖြင့် ပင်လယ်ပြင်အတွင်း မျှင်အုပ်ရှာဖွေသူများနှင့် မျှင်ပစ်စက်လှေသမားများ၏ လှုပ်ရှားမှုများကို ပြန်လည်မြင်တွေ့လာရသည်။

ဆောင်းဦးရာသီသည် ရွှေသောင်ယံကမ်းခြေဒေသတွင် မျှင်ပစ်လုပ်ငန်းများ လုပ်ကိုင်ကြသည့် ကာလတစ်ခုဖြစ်ပြီး မျှင်အုပ်များ ပင်လယ်ပြင်အတွင်း တွေ့ရှိလာချိန်တွင် မျှင်ပစ်စက်လှေများဖြင့် ပင်လယ်ပြင်သို့ ထွက်ခွာကာ ရှာဖွေဖမ်းဆီးကြခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် မျှင်ပစ်ရာသီအတွက် စက်လှေများကို စစ်ဆေးပြုပြင်ခြင်း၊ လိုအပ်သည့် စက်ပစ္စည်းများ ပြင်ဆင်ခြင်းနှင့် ပင်လယ်ပြင်အတွင်း မျှင်အုပ်များ ရှာဖွေစမ်းသပ်ခြင်းများ စတင်လုပ်ဆောင်လာကြသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖



ကြေးမုံ

# ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်မြှင့်တင် ပြည်သူလူထုယုံကြည်မှုပိုမိုခိုင်မာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသည့် ရည်ရွယ်ချက်များ အောင်မြင်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူလူထု အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိသည်။

မျက်မှောက်ကာလတွင် ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဆိုက်ဘာမှုခင်းများ၊ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ ပိုမိုရှုပ်ထွေးလာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ထိုသို့ရှုပ်ထွေးလာသည်နှင့်အမျှ ပြည်တွင်းလုံခြုံရေးသာမက ဒေသတွင်းလုံခြုံရေးအတွက်ပါ ပိုမိုမြှင့်တင်ဆောင်ရွက်ရန်လိုအပ်လာသည်။ ပြည်တွင်း၊ ပြည်ပရှုပ်ထွေးလာမှုများကို အချိန်မီတားဆီးရန်နှင့် အချိန်မီတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာကျွမ်းကျင်မှုမြှင့်တင်ခြင်း၊ မှုခင်းသတင်းအချက်အလက်များစုဆောင်းခြင်းနှင့် သုံးသပ်ခြင်း၊ ပြည်တွင်း၊ ပြည်ပ လုံခြုံရေးလုပ်ငန်းများ အားကောင်းလာစေရန် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပိုမိုရှုပ်ထွေးလာသည့် အမှုအခင်းများကို ကာကွယ်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏မျှော်မှန်းချက်များကို ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်သွားရမည်ဖြစ်သည်။ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က "ရဲတပ်ဖွဲ့၏ လုပ်ငန်းများအောင်မြင်ရန် ပြည်သူများ၏ ယုံကြည်အားကိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရရှိရေးသည် အလွန်အရေးကြီးကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကိုနားလည်ပြီး တိုင်ကြားမှုများနှင့် အကူအညီတောင်းခံမှုများကို မြန်ဆန်၊ မှန်ကန်၊ တာဝန်ယူမှုရှိစွာ ဖြေရှင်းပေးရန်လိုအပ်ကြောင်း၊ ထို့အပြင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လူ့အခွင့်အရေးများကို လေးစားလိုက်နာ၍ ပြည်သူ့ယုံကြည်မှု ပိုမိုခိုင်မာလာစေရန် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်ကို ဆက်လက်မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း"ပြောကြားခဲ့သည်။

ယနေ့ခေတ်တွင် နည်းပညာများ တိုးတက်လာသည်နှင့်အမျှ မှုခင်းပုံစံများပြောင်းလဲလာသောကြောင့် ဒီဂျစ်တယ်နည်းပညာအသုံးပြု ရဲလုပ်ငန်း၊ ရဲလုပ်ငန်းသုံးနည်းပညာ၊ မှုခင်းသိပ္ပံနှင့် ခေတ်မီစုံစမ်းစစ်ဆေးရေးနည်းပညာများကို ထိရောက်စွာအသုံးချနိုင်ရန် လိုအပ်လာသည်။ မှုခင်းသတင်း၊ အချက်အလက်များကို စနစ်တကျစုဆောင်း၊ သိမ်းဆည်း၊ ခွဲခြမ်းစိတ်ဖြာပြီး အထောက်အထားအခြေပြု စုံစမ်းဖော်ထုတ်မှုများကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရဲတပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားမှုများနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်မှုများကို အမြဲအလေးထားအသိအမှတ်ပြုလျက်ရှိသည်။ ကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း အသက်နှင့်ကိုယ်ခန္ဓာ စွန့်လွှတ်ပေးလှူသွားသည့် ရဲတပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်နှင့်ကြိုးပမ်းမှုများ၊ စွန့်လွှတ်အနစ်နာခံမှုများကို လေးစားစွာဂုဏ်ပြုပါကြောင်း နိုင်ငံတော်သမ္မတက (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့တွင် ဂုဏ်ပြုစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတော်နှင့် ပြည်သူများ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အရေးကြီးတာဝန်အဖြစ် ထမ်းဆောင်လျက်ရှိသည်။ တာဝန်များကို စည်းကမ်းရှိစွာ၊ တာဝန်ယူမှုရှိစွာဖြင့် ဥပဒေနှင့်အညီ ထမ်းဆောင်ရန်လိုသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးအနေဖြင့် မိသားစုစိတ်ဓာတ်၊ စည်းလုံးညီညွတ်မှုစိတ်ဓာတ်များဖြင့် စနစ်တကျကွပ်ကဲပြီး ပေးအပ်လာသည့်တာဝန်များကို မခိုမကပ်ဘဲ ကျေပွန်စွာထမ်းဆောင်ကြရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ "မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်" ဟူသည့် မျှော်မှန်းချက်များဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြရမည်ဖြစ်သည်။ တည်ဆောက်ရာတွင် ခေတ်မီလက်နက်၊ အီလက်ထရောနစ် ဆက်သွယ်ရေးစက်ပစ္စည်းများ၊ လုံခြုံရေးအသုံးအဆောင်များကို ခေတ်ကာလနှင့်လျော်ညီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦးချင်းအနေဖြင့် စွမ်းရည်မြင့်မားရေး၊ အရည်အသွေးပြည့်မီရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်ဖြည့်ဆည်းဆောင်ရွက်ရန်၊ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အဂတိကင်းစင်ပြီး ပြည်သူချစ်သည့် စွမ်းရည်ထက်မြက်သည့် ရဲတပ်ဖွဲ့ဖြစ်စေရေးတို့ကို အစဉ်တစိုက် လေ့ကျင့်တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူအားကိုးအားထားပြုရသည့် စည်းကမ်းကောင်းမွန်သောတပ်ဖွဲ့ဝင်များဖြစ်အောင် အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်နှင့် လုပ်ငန်းတာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ထားသည်နှင့်အညီ ပြည်သူလူထုဗဟိုပြုသည့် ရဲလုပ်ငန်းစနစ်ဖြင့် ပြည်သူလူထုယုံကြည်မှုကို ပိုမိုခိုင်မာအောင် ဆက်လက်မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## (၂-၁၀-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၅ ~ ၃၆၇၁ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၄၅၈,၅၇၃.၆၃ | ၁၅,၁၈၂,၇၃၇.၄၄ | ၁၇,၁၄၇,၂၁၅.၈၁ | |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂**

အနောက်တောင် မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်း၊ အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ၂ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂ - ၁၀ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၅၀၀ | ၁၈,၅၀၀ | ၁,၇၃၉ | ၃၂,၁၇၁,၅၀၀ |
| MTSH | ၈,၇၀၀ | ၈,၇၀၀ | ၆,၂၆၂ | ၅၄,၄၇၉,၆၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၁၄၆ | ၁,၈၉၈,၀၀၀ |
| FPB | ၇,၀၀၀ | ၆,၈၀၀ | ၁,၄၆၅ | ၉,၉၆၂,၈၀၀ |
| TMH | ၃,၂၅၀ | ၃,၂၅၀ | ၄၆ | ၁၄၇,၆၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၅,၃၇၄ | ၉,၁၉၄,၁၅၀ |
| AMATA | ၄,၅၀၀ | ၄,၄၀၀ | ၃၀ | ၁၃၄,၉၀၀ |
| MAEX | ၆,၄၀၀ | ၆,၃၀၀ | ၂,၂၃၇ | ၁၂,၉၈၇,၈၀၀ |
| MADPL(PLB) | ၆,၄၀၀ | ၆,၄၀၀ | ၂၀၁ | ၁,၂၈၆,၄၀၀ |
| ASPGB(PLB) | ၆,၁၀၀ | ၆,၀၀၀ | ၇,၂၇၉ | ၄၃,၈၆၂,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| စာတည်းမှူး | - အေးဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | သုတေသန | - ဇင်မာဝင့် |
| | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❂ ရွှေဖုံးမှ

ဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကိုပြည်ထောင်စု လွှတ်တော်တွင် အတည်ပြုပေးနိုင်ရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းပါ ရငွေ၊ သုံးငွေများကို အသေးစိတ်စိစစ်နိုင်ရန်အတွက် စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၈ ဖွဲ့ကို ကြိုတင်ဖွဲ့စည်းပေးထားပြီး ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် မူလခန့်မှန်းခြေတွင် ခွင့်ပြုထားမှု၊ သုံးစွဲပြီးနှင့် သုံးစွဲရန်ကျန်သည့် အခြေအနေ၊ သုံးစွဲနိုင်ခြင်းမရှိသဖြင့် ပြန်လည်အပ်နှံရမည့် ငွေပမာဏကိုလည်း စိစစ်ရန်လိုအပ်ပါကြောင်း။

စီးပွားရေး အဖွဲ့အစည်းများအား နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေပေးခြင်းအားဖြင့် ထပ်မံတိုးတက်ရရှိလာမည့် ဝင်ငွေအခြေအနေကိုလည်း တွက်ဆသင့်ပါကြောင်း၊ နိုင်ငံတော်သို့ ပေးသွင်းရမည့်ငွေများဖြစ်သော ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများကိုလည်း ပေးသွင်းသည့်ဌာနနှင့် လက်ခံသည့်ဌာနတို့တွင် နှစ်ဖက်စာရင်းသွင်းမှု အခြေအနေကိုလည်း စိစစ်ရန် လိုပါကြောင်း။

ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာရေးစည်းမျဉ်းအရ ရန်ပုံငွေလွှဲပြောင်းသုံးစွဲမှု မပြုနိုင်သည့်အပြင် ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေပြီးစီးအောင် ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စများနှင့် ယင်းတို့၏ ပကတိ အခြေအနေကို သုံးသပ်တွက်ချက်ပြီး စိစစ်ဆောင်ရွက်ရန်လိုပါကြောင်း။

စိစစ်ပြီးနောက် မဖြစ်မနေပေးချေရမည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေများ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုကြောင့် လိုအပ်လာသည့် အသုံးစရိတ်၊ အမှန်တကယ် ထပ်မံလိုအပ်သော လစာစရိတ်၊ ပင်စင်၊ အတိုးပေးငွေနှင့် နိုင်ငံတော်၏ လိုအပ်ချက်အရ ဖြည့်စွက်ခွင့်ပြုငွေတင်ပြတောင်းခံသည့် အသုံးစရိတ်များကိုသာ ခွင့်ပြုရန်လိုအပ်ပါကြောင်း။

ဥပဒေကြမ်းများကို စိစစ်ရာတွင် အားနည်းချက်၊ အားသာချက်များကို အခြေခံပြီး အားသာချက်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြုပြင် ဆောင်ရွက်ခြင်းဖြင့် ဘတ်ဂျက်စိစစ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စေနိုင်မည် ဖြစ်ပါကြောင်း။

ရငွေ၊ သုံးငွေများ စိစစ်အတည်ပြုခြင်း လုပ်ငန်းစဉ်သည် လွှတ်တော်၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည့်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် မိမိတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တိတိကျကျ သိရှိနားလည်ရန် လိုအပ်သလို လုပ်ပိုင်ခွင့်ထက် ကျော်လွန်ဆောင်ရွက်ခြင်းများ မပြုလုပ်မိရန်လည်း လိုအပ်ပါကြောင်း။

ထို့ပြင် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ဖိတ်ခေါ်ဆွေးနွေး၊ မေးမြန်းခြင်းသည် လွှတ်တော်၏ oversight လုပ်ငန်း၊ ဘတ်ဂျက် စိစစ်အတည်ပြုခြင်းလုပ်ငန်းကို ပိုမိုထိရောက်အောင်မြင်စေရေးအတွက် အချက်အလက်များ ရှာဖွေစုဆောင်းခြင်းသာဖြစ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများကို စစ်ဆေးမေးမြန်းသည့် ပုံစံမျိုးမဖြစ်စေရန် သတိထားဂရုပြုပြီး ဆောင်ရွက်စေလိုပါကြောင်း။

ဥပဒေကြမ်းများ စိစစ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီသာ စိစစ်ရမည်ဖြစ်ပြီး စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေနှင့်အညီ သတ်မှတ်ကာလအတွင်း ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီများကို အချိန်မီပေးပို့နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

ဥပဒေကြမ်းတွင် ပါဝင်သည့် အသုံးစရိတ်များစိစစ်ရန်ကိစ္စနှင့် စပ်လျဉ်းပြီး ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီက ရှင်းလင်းတင်ပြသွားမည် ဖြစ်သလို တက်ရောက်လာကြသည့် လွှတ်တော်အကြီးအမှူးများနှင့် ပူးပေါင်းကော်မတီဝင်များ၊ စိစစ်ရေးပူးပေါင်းအဖွဲ့ဝင်များကလည်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌက ဥပဒေကြမ်းစိစစ်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်၊ ရငွေ သုံးငွေစာရင်းများ၏ မှန်ကန်တိကျမှုရှိစေရန်နှင့် ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေလိုအပ်ပြီး အမှန်တကယ် သုံးစွဲပြီးစီးနိုင်မည့် ဦးစားပေးအသုံးစရိတ်များကို အဓိကထား စိစစ်ရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ(၁)က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား သတ်မှတ်ရက်များအတွင်း တင်သွင်း၊ စိစစ်၊ ဆွေးနွေး၊ ပြင်ဆင်အတည်ပြုနိုင်ရေး အတွက် လွှတ်တော်ကော်မတီများနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၈ ဖွဲ့အကြား ပူးပေါင်းဆောင်ရွက်မှု၊ ဘတ်ဂျက်စိစစ်မှုနှင့် အစီရင်ခံစာများကို အချိန်မီတင်ပြနိုင်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပူးပေါင်းကော်မတီဝင်များနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့ဝင်များက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အချိန်အတွင်း ပြီးစီးနိုင်ရေး လက်ရှိလုပ်ဆောင်နေမှုများနှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော် နာယက က ဖြည့်စွက်ဆွေးနွေးခဲ့သည်။

သတင်းစဉ်

# သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိဝန်ထမ်းများက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများက သိရှိလိုသည့် အချက်များကို မေးမြန်းရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit – CPU) များနှင့်တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက အဂတိလိုက်စားမှုသည် နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရာတွင် အဓိကအဟန့်အတားပြုနိုင်သည့်၊ လူ့အဖွဲ့အစည်းကို ဖျက်ဆီးတတ်သည့် “ရောဂါဆိုးကြီး တစ်ခု”ဟု ဆိုနိုင်ကြောင်း၊ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို နောက်ကျကျန်ရစ်စေပါကြောင်း၊ အဆိုးရွားဆုံးအနေဖြင့် ဌာနဆိုင်ရာများအပေါ် ပြည်သူလူထု၏ ယုံကြည်မှုများ လျော့ကျစေပါကြောင်း၊ အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှုကို ကျူးလွန်မိပါက ဥပဒေအရ ထိရောက်စွာအရေးယူခံရမည့်အပြင် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် မိမိနှင့် မိသားစု၏ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အထူးသိရှိရှောင်ကြဉ်ရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းက ကော်မရှင်အနေဖြင့် ပြည်သူ့ဘဏ္ဍာဆုံးရှုံးမှု လျော့နည်းရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာများ တိုးပွားလာစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ မန္တလေးမှ

အဆိုပါပြည်သူ့ဆေးရုံကြီး၌ လူနာများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခမဲ့ဆေးကုသခြင်းများ ဆောင်ရွက်နေမှုများကို ယနေ့နံနက် ၉ နာရီက ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးမော်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ကွင်းဆင်းဆေးကုသမှုပေးသည့် အထူးကုဆရာဝန်ကြီးများအဖွဲ့နှင့်အတူ ပြည်နယ် ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ၊ ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေး ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအသင်းမှ တာဝန်ရှိသူများကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြပြီး ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ထောက်ပံ့ငွေများ ပေးအပ်သည်။

ယမန်နေ့က ပါမောက္ခ/အထူးကုဆရာဝန်ကြီးများသည် ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာရောဂါ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ရင်ခေါင်းဆေးကုသမှုဆိုင်ရာရောဂါ၊ နှလုံးဆေးကုသမှုဆိုင်ရာရောဂါ၊ အသည်းဆေးကုသမှုဆိုင်ရာရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ကလေးဦးနှောက်နှင့် အာရုံကြောရောဂါ၊ ဆီးချိုနှင့်ဟော်မုန်းရောဂါ၊ ဆီးနှင့် ကျောက်ကပ် ဆေးကုသမှုဆိုင်ရာရောဂါ၊ ကလေး သွေးနှင့်ကင်ဆာရောဂါများဖြင့် လာရောက်ပြသသော ကချင်ပြည်နယ်အတွင်းရှိ စုစုပေါင်းဒေသခံပြည်သူ ၁၄၆၅ ဦးတို့ကို စမ်းသပ်စစ်ဆေးကုသပေးနိုင်ခဲ့ပြီး အထူးခွဲစိတ်ကုသမှု လိုအပ်သည့်လူနာများနှင့် အထူးကုသမှုဆက်လက်ခံယူရန် လိုအပ်သည့်လူနာများကို သက်ဆိုင်ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှုဆောင်ရွက်နိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ အောက်တိုဘာ ၃ ရက်အထိ ဆေးကုသမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူများ လက်လှမ်းမီရရှိနိုင်ရန်၊ ဆေးကုသမှုအတွက် လူနာမှ စိုက်ထုတ်ကုန်ကျစရိတ် လျော့နည်းစေရန်၊ ရောဂါများကို အချိန်မီစောစီးစွာ သိရှိကုသမှုခံယူနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများသည် ခရိုင်/မြို့နယ်များသို့ အထူးကုဆေးကုသရေးခရီးစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❖ ဆောင်းဦးရာသီမှ

မှိုင်းအုပ်များတွေ့ရှိလာပါက မှိုင်းပစ်စက်လှေသမားများအနေဖြင့် ပင်လယ်ပြင်သို့ ပုံမှန်ထွက်ခွာ၍ မှိုင်းများရှာဖွေဖမ်းဆီးကြမည်ဖြစ်ပြီး မှိုင်းပစ်လုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်သူများအတွက်လည်း အလုပ်အကိုင်နှင့် ဝင်ငွေရရှိနိုင်သည့် ကာလတစ်ခုဖြစ်လာမည်ဖြစ်သည်။ထို့အပြင် မှိုင်းပစ်လုပ်ငန်းများ လှုပ်ရှားလာခြင်းကြောင့် မှိုင်းများကို သန့်စင်ခြင်း၊ မှိုင်ငါးပိလုပ်၍ ရောင်းချခြင်း စသည့် ဆက်စပ်လုပ်ငန်းများလည်း လှုပ်ရှားလာနိုင်မည်ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

သို့ဖြစ်ရာ ရွှေသောင်ယံကမ်းခြေဒေသ၏ ပင်လယ်ပြင်တွင် မှိုင်းအုပ်ရှာဖွေသူများနှင့် မှိုင်းပစ်စက်လှေသမားများ၏ လှုပ်ရှားမှုများ တဖြည်းဖြည်း ပြန်လည်စည်ကားလာနေပြီဖြစ်ကြောင်း သိရသည်။

ရွှေသောင်ယံ(ပြန်/ဆက်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ကြေးမုံ



# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပစဉ်။

အစည်းအဝေး တွင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဘုရားပတ်ဝန်းကျင်နှင့် ဆိပ်ကမ်းသန့်ရှင်းသာယာလှပရေး၊ ပြည်သူ့စစ်မှုထမ်းပြီးစီးသူများအား ပြည်ပအလုပ်အကိုင်ရရှိရေး၊ နိုင်ငံ့ဝန်ထမ်းများအား ဒေသစရိတ်ခံစားခွင့်ရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ တောင်သူတိုင်းရရှိရေးနှင့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ကုန်ခြောက်ပစ္စည်းများနှင့်ထောက်ပံ့ကြေးများ ထောက်ပံ့ပေးရေးနှင့် လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၉ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို ၁ ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးညဏ်ဝင်းထိုက်၏ **ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဘုရားပတ်ဝန်းကျင်နှင့် ဗိုလ်တထောင်ဆိပ်ကမ်းတို့အား သန့်ရှင်းသာယာလှပရေး အတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က သာသနာရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော် သမ္မတရုံး၏ လမ်းညွှန်ချက်နှင့်အညီ သမိုင်းဝင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ကြီး သန့်ရှင်းသပ်ရပ် ကြည်ညိုဖွယ်ဖြစ်စေရေးအတွက် ဘုရား၊ စေတီ၊ ပုထိုးများ၊ သာသနိက အဆောက်အအုံများ ပရိဝုဏ် အတွင်း/အပြင် သန့်ရှင်းသပ်ရပ် ကြည်ညိုဖွယ်ဖြစ်စေရေး လိုအပ်သလိုကြပ်မတ်ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအားလုံးသို့ ညှိနှိုင်းမေတ္တာရပ်ခံခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများသို့ ညွှန်ကြားထားပြီး ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်းနှင့် သမိုင်းဝင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ကြီးသန့်ရှင်းသပ်ရပ်သာယာလှပစေခြင်းနှင့် ဘုရားကြီးအနီးရှိ ဗိုလ်တထောင် ဆိပ်ကမ်းအား ဘုရားဖူးလာရင်းနှင့် တစ်ဆက်တည်း အပန်းဖြေသွားလာနိုင်ရန် အတွက် နိုင်ငံတကာအဆင့်မီ သန့်ရှင်းသပ်ရပ် သာယာလှပစေခြင်းတို့အား ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လေ့လာသုံးသပ်လျာထားလျက်ရှိပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဦးတင့်ဝေ၏ **ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ခဲ့သူများ အနက် ဆန္ဒရှိသူများအား ပြည်ပအလုပ်အကိုင်ရရှိရေး မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက ပြည်သူ့စစ်မှုထမ်း ဥပဒေအရ သတ်မှတ်ကာလ ပြည့်မြောက်သည်အထိ တာဝန်ထမ်းဆောင်ခဲ့သူများအနက် ပြည်ပတွင် အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိသူများအား ပြည်ပနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်ရာတွင် ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေး၊ ဝန်ဆောင်ခများ သက်သာစေရေး သို့မဟုတ် အလုပ်ရှင်၏ ကုန်ကျစရိတ်ဖြင့် သွားရောက် အလုပ်လုပ်ကိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများဖြင့် ချိတ်ဆက်ညှိနှိုင်းပြီး အလုပ်အကိုင်ရှာဖွေပေးခြင်း၊ အလုပ်အကိုင်ဆိုင်ရာ အချက်အလက်များ စာရင်းပြုစုခြင်း၊ သွားရောက်လိုသည့် နိုင်ငံအပေါ်မူတည်၍ အရည်အချင်းစိစစ်ခြင်း၊ ကျွမ်းကျင်မှုသင်တန်းများ ပို့ချခြင်း၊ ပြည်ပသို့စေလွှတ်ရေး လုပ်ငန်းစဉ်များအား လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းအစီအစဉ်များနှင့်အညီ ဆောင်ရွက်၍ ပြည်ပသို့စေလွှတ်နိုင်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားသည်။

ကလေးဝ မဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ကလေးဝမြို့နယ်တွင် ဒေသစရိတ်ခံစားခွင့် မရှိသည့်နေရာများသို့ ပြောင်းရွှေ့တာဝန်ထမ်းနေရသော နိုင်ငံ့ဝန်ထမ်းများအား ဒေသစရိတ်ခံစားခွင့်ရရှိနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ဒေသစရိတ်ခံစားခွင့်ရှိသည့် ဒေသ/ကျေးရွာများမှ ဒေသစရိတ်ခံစားခွင့်မရှိသည့် ဒေသ/မြို့များသို့ ယာယီပြောင်းရွှေ့ တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအတွက် ဒေသစရိတ် ခံစားခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ၊ နည်းဥပဒေ ၁၅၃၊ နည်းဥပဒေခွဲ (ခ) အရ ဒေသစရိတ်ခံစားခွင့်ရှိသည့်ဒေသမှ ဒေသစရိတ်ခံစားခွင့်မရှိသည့် ဒေသသို့ ယာယီပြောင်းရွှေ့ရပါက ယင်းသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရသည့် ကာလအတွင်း၌ သတ်မှတ်ချက်များနှင့် ညီညွတ်မှုသာလျှင် ဒေသစရိတ် ဆက်လက်ခံစားခွင့်ရှိပါကြောင်း၊ အဆိုပါ သတ်မှတ်ချက်များမှာ ယာယီပြောင်းရွှေ့သည့်ကာလသည် ကူးပြောင်းချိန်မပါဝင်ဘဲ လေးလထက်မကျော်လွန်ခြင်း၊ ယာယီပြောင်းသည့်ကာလ ကုန်ဆုံးလျှင် ဝန်ထမ်းအား ဒေသစရိတ်ခံစားခွင့်ရှိသည့် ရာထူးသို့ပြန်လည်ပြောင်းရွှေ့ရန် ရည်ရွယ်ကြောင်းဖြင့် ပြောင်းရွှေ့မိန့်တွင် ထည့်သွင်းဖော်ပြပါရှိခြင်း၊ ယာယီပြောင်းရွှေ့သည့်ကာလတွင် ဝန်ထမ်းနှင့်အတူနေပြီး ဝန်ထမ်းအပေါ်တွင် လုံးဝမှီခိုနေရသည့် ဇနီး သို့မဟုတ် ခင်ပွန်း၊ သားသမီးများ (လင်ပါ မယားပါ သားသမီးများနှင့် တရားဝင်မွေးစားသားသမီးများ အပါအဝင်) ဖြစ်သောမိသားစုသည်မူလရာထူးတည်ရာဖြစ်သည့် ဒေသစရိတ်ခံစားခွင့်ရှိသောဒေသ၌ ဆက်လက်နေထိုင်လျက်ရှိခြင်းတို့ ဖြစ်ပါကြောင်းနှင့် လက်ရှိစစ်ကိုင်းတိုင်းဒေသကြီး အခြေအနေအရ ဒေသစရိတ် ခံစားခွင့်ရှိသည့် ဒေသ/ ကျေးရွာများမှ ဒေသစရိတ်ခံစားခွင့်မရှိသည့် ဒေသ/မြို့များသို့ ယာယီပြောင်းရွှေ့(တွဲဖက်) တာဝန်ထမ်းဆောင်နေကြရသော စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၅၃၊ နည်းဥပဒေခွဲ(ခ)ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိလျှင် ဒေသစရိတ်ကို ခံစားခွင့်ရှိမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ၏ **စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ပေးနေသော်လည်း ပုံစံ(၇)အမည်ကွဲမှုကြောင့် ချေးငွေမရခြင်းအား ထုတ်ချေးပေးနိုင်ရေး စီစဉ်ပေးရန်နှင့် တောင်သူတိုင်း ရရှိနိုင်ရေးအတွက် မည်သို့ပြုလုပ်သွားမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ခရိုင်/မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများအနေဖြင့် (ပုံစံ-၇) အမည်ပေါက်ကွဲလွဲသူ တောင်သူများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လက်ရှိပိုင်ဆိုင်သူအမည်သို့ အမည်ပေါက်ပြောင်းလဲရေးကို မြန်ဆန်စွာ ဆောင်ရွက်သွားနိုင်ရန်အတွက် တောင်သူများအား အသိပညာပေး ရှင်းလင်းပြောကြားခြင်း၊ အမည်ပြောင်း လျှောက်ထားရာတွင် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်းတို့ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လယ်ယာလုပ်ကိုင်သူ တောင်သူများအနေဖြင့် ၎င်းတို့၏ လယ်ယာမြေပိုင်ဆိုင်မှု စနစ်တကျ ခိုင်မာစေရန်၊ လယ်ယာမြေပိုင်ဆိုင်မှုကိစ္စ အငြင်းပွားမှုမဖြစ်စေရန်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ဖြစ်စေရန်အတွက် (ပုံစံ-၇) အမည်ပြောင်း ဆောင်ရွက်ခြင်း၊ (ပုံစံ-၇)မရရှိသေးသည့် တောင်သူများအနေဖြင့်လည်း (ပုံစံ-၇) ရရှိအောင် ဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့်လည်း နိုင်ငံ့ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိစေရေးအတွက် (ပုံစံ-၇) မူရင်းရရှိပြီးသည့် တောင်သူတိုင်း စိုက်ပျိုးစရိတ်ချေးငွေ လက်လှမ်းမီရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူများသို့ စိုက်ပျိုးစရိတ် ချေးငွေတိုးမြှင့်ထုတ်ချေးရာတွင် (ပုံစံ-၇) အမည်ကွဲလွဲနေသော်လည်း အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်သူ တောင်သူများ ချေးငွေထုတ်ချေးခွင့်ရရှိစေရေး ဖြေလျှော့ဆောင်ရွက်ထားပြီး စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးလျက် ရှိပါကြောင်း ဖြေကြားသည်။

စမ်းချောင်း မဲဆန္ဒနယ်မှ ဦးမျိုးသန့်၏ **နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားယူမည့် ဝန်ထမ်းများအတွက် ကုန်ခြောက်ပစ္စည်းများနှင့်စတုတ္ထအကြိမ်ထောက်ပံ့ကြေးကို ထောက်ပံ့ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားယူမည့် ဝန်ထမ်းများအတွက် လစဉ်ဆန်၊ ဆီ၊ ကုန်ခြောက်ပစ္စည်းများနှင့် စတုတ္ထအကြိမ်ထောက်ပံ့ကြေးကို နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးနိုင်ရေး အတွက် နိုင်ငံတော်၏ဘဏ္ဍာရေး အခြေအနေ၊ ဘတ်ဂျက်ခံနိုင်ရည်ရှိမှု အခြေအနေနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့အပေါ် မူတည်၍ စိစစ်သုံးသပ် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ယခုလက်ရှိအချိန်တွင် အငြိမ်းစားယူမည့် ဝန်ထမ်းများ အပါအဝင် နိုင်ငံ့ဝန်ထမ်းအားလုံးအတွက် ရာထူးအဆင့်အလိုက် သတ်မှတ် ချိန်နှုန်းလစာအပြင် အပိုထောက်ပံ့ကြေး၊ ဝတ်စုံစရိတ်၊ အိမ်ငှားစရိတ်၊ ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ဒေသစရိတ်များ၊ တာဝန်ဖြင့် ခရီးသွားလာခြင်းအတွက် အမှန်တကယ်ကုန်ကျသည့် ခရီးစရိတ်၊ ခရီးသွားနေ့တွက်စရိတ်၊ တည်းခိုစရိတ်နှင့် သီးခြားသတ်မှတ်ချက်များဖြင့် ခံစားခွင့်ပြုထားသည့် စရိတ်များနှင့် အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်လစာအပြင် အပိုထောက်ပံ့ကြေးတို့ကို ခံစားခွင့်ပြုလျက်ရှိနေခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားယူမည့် ဝန်ထမ်းများအတွက် လစဉ် ဆန်၊ ဆီ၊ ကုန်ခြောက်ပစ္စည်းများနှင့် စတုတ္ထအကြိမ်ထောက်ပံ့ကြေးကို နိုင်ငံတော်အစိုးရမှ လတ်တလောတွင် ထောက်ပံ့ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

ခနုဖြူမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ခနုဖြူမြို့နယ်၊ အလမျိုးကျေးရွာထိပ်မှအလမျိုးအခြေခံပညာအထက်တန်းကျောင်းရှေ့ထိ လမ်းပိုင်းအား ပြန်လည်အဆင့်မြှင့်တင်ပြင်ဆင်ပေးနိုင်ခြင်း အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး ခနုဖြူမြို့နယ်အလမျိုးကျေးရွာအဝင် လမ်းထိပ်မှ အလမျိုးကျေးရွာအခြေခံပညာအထက်တန်းကျောင်းရှေ့ထိ လမ်းပိုင်းသည် အလမျိုး-တောင်စုလမ်းအတွင်း ပါဝင်ပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် Class(A)လမ်းဖြစ်၍ ဒုတိယဦးစားပေးအဆင့်တွင် ပါဝင်ပါကြောင်း၊ အဆိုပါ အလမျိုး-တောင်စုလမ်းသည် စုစုပေါင်း လမ်းအရှည်(၁)မိုင်ရှိပြီး (၇ ဒသမ ၁၂) ဖာလုံမှာ ကွန်ကရစ်လမ်းဖြစ်၍ ကျန်(၀ ဒသမ ၈၈) ဖာလုံမှာ ကျောက်ကြမ်းလမ်း ဖြစ်ပါကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းသည် ၂၀၁၀ ပြည့်နှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့ပြီး နှစ်ကာလကြာမြင့်လာပြီဖြစ်သည့်အတွက် ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

အဆိုပါ အလမျိုးကျေးရွာအဝင်လမ်းထိပ်မှ အလမျိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့ထိ အရှည် ပေ (၂၀၀၀) အား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် (၄၁၈ ဒသမ ၁၄၀) သန်း ကုန်ကျမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါ လမ်းအရှည် ပေ (၈၀၀) အား ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျိုက်လတ် မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၏ **ကျိုက်လတ်မြို့နယ်အောက်ဆင်ကူး-ပေချောင်ကျေးရွာချင်းဆက် မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက အောက်ဆင်ကူး - ပေချောင် ကျေးရွာချင်းဆက်လမ်းသည် အမာခံလမ်း(၃)ဖာလုံ၊

**စာမျက်နှာ ၅ သို့** ☆

☆ စာမျက်နှာ ၄ မှ

မြေသားလမ်း (၄)မိုင် (၀ ဒသမ ၅) ဖာလုံ စုစုပေါင်းအရှည် (၄) မိုင် (၃ ဒသမ ၅) ဖာလုံရှိ Class–C အဆင့်လမ်းဖြစ်ပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် (၂ ဒသမ ၁) ဖာလုံ အမာခံလမ်းခင်းခြင်း လုပ်ငန်းအား တိုင်းဒေသကြီး (ပြင်/ထိန်း) ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကျေးလက်လမ်း မဟာဗျူဟာအရ ရာသီမရွေးသွားလာနိုင်သောလမ်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်း (၃)ဖာလုံအား တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လျာထားတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား လတ်တလောဦးစားပေး အစီအစဉ်တွင် မပါဝင်သေးပါကြောင်း ဖြေကြားသည်။

ကွမ်းခြံကုန်း မဲဆန္ဒနယ်မှ ဦးသန့်ဇော်၏ **ကွမ်းခြံကုန်းမြို့နယ် ကြခတ်ကုန်းလေးနှင့် မြိုင်သာယာကျေးရွာချင်းဆက် လမ်းအား ကွန်ကရစ်လမ်းအဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကြခတ်ကုန်းလေးကျေးရွာနှင့် မြိုင်သာယာကျေးရွာချင်းဆက်လမ်းသည် (၂) မိုင် (၂ ဒသမ ၁၈)ဖာလုံရှိပြီးတိုင်းဒေသကြီးမှ စီမံခန့်ခွဲသော Class – B အဆင့် မြေသားလမ်း ဖြစ်ပါကြောင်း၊ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် မြေသားလမ်း (၂) မိုင် (၂ ဒသမ ၁၈) ဖာလုံ ဆောင်ရွက်ခဲ့ပြီး ယခုအခါ သွားလာရန်ခက်ခဲလျက်ရှိပါကြောင်း၊ အဆိုပါလမ်းအား မြေသားတာပေါင်ပြုပြင်ခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်းအား ဦးစွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ (၂)မိုင် (၂ ဒသမ ၁၈) ဖာလုံ အနက်မှ (၁) မိုင် (၄ ဒသမ ၅၃) ဖာလုံအား ကျောက်ချောခင်းခြင်းလုပ်ငန်းကို ၂၀၂၇ – ၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းအား လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

အိမ်မဲမဲဆန္ဒနယ်မှ ဦးတင်ဦး၏ **အိမ်မဲမြို့နယ် အိမ်မဲ – ဝါးခယ်မကားလမ်းမှ ကြာတန်းကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာအုပ်စုချင်းဆက်လမ်း၏ မြေသားလမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက အိမ်မဲ – ဝါးခယ်မ ကားလမ်းမှ ကြာတန်းလမ်းသည် ပြည်ထောင်စုမှ စီမံခန့်ခွဲသော Class–A အဆင့်ဖြစ်ပြီး ကျောက်ချောလမ်း (၁) မိုင် (၂) ဖာလုံ၊ မြေသားလမ်း (၅) မိုင် (၃ ဒသမ ၅၂)ဖာလုံ စုစုပေါင်း (၆)မိုင် (၅ ဒသမ ၅၂) ဖာလုံ ရှိပါကြောင်း၊ အဆိုပါလမ်းအား ၂၀၁၄ – ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၇) ဖာလုံ၊ ၂၀၁၅ – ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (၃) ဖာလုံ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအား ပြည်ထောင်စု (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အရှည် (၂)ဖာလုံကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ဘဏ္ဍာရေးနှစ်ကုန်တွင် ကျောက်ချောလမ်း အရှည် စုစုပေါင်း (၁) မိုင် (၄) ဖာလုံ ဆောင်ရွက်ပြီးစီးမည် ဖြစ်ပါကြောင်း၊ ကျန်ရှိသော မြေသားလမ်း အရှည် (၅) မိုင် (၁ ဒသမ ၅၂)ဖာလုံမှာ မိုးရာသီကာလတွင် သွားလာရန် ခက်ခဲလျက် ရှိပါကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရ မြေသားလမ်းမှ ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေထည့်သွင်း လျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ တင်သွင်းသည့် **"မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအား ရိုးရာလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့အောင်မြင်စွာ ကူးပြောင်းနိုင်ရေးအတွက် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အတွက် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဟေသားကြီး**က မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် လယ်ယာကဏ္ဍ တိုးတက်ခြင်းသည် လယ်သမားများ၏ ဝင်ငွေတိုးတက်ရေး တစ်ခုတည်းအတွက် မဟုတ်ဘဲ နိုင်ငံစားနပ်ရိက္ခာဖူလုံရေး၊ ပြည်တွင်းစီးပွားဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် အရေးကြီးပါကြောင်း၊ သို့သော် ယနေ့အချိန်ထိ လယ်ယာလုပ်ငန်းအများအပြား၌ လူအား၊ တိရစ္ဆာန်အားနှင့် ရိုးရာလယ်ယာကိရိယာများကို အားထားရဆဲဖြစ်ကြောင်း၊ ယင်းသို့ လုပ်ကိုင်ရခြင်းကြောင့် လုပ်သားလိုအပ်ချက်များပြားခြင်း၊ အချိန်ကြာမြင့်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားခြင်းနှင့် ရာသီအလိုက် လုပ်သားရှားပါးမှုများ ဖြစ်ပေါ်နိုင်ပါကြောင်း၊ ယင်းကြောင့် စက်မှုလယ်ယာစနစ်ကို ဥပဒေ၊ ဘဏ္ဍာရေး၊ နည်းပညာ၊ လူ့စွမ်းအားနှင့် ဈေးကွက်တို့တစ်ပြိုင်တည်း ချိတ်ဆက်ပေးသည့်စနစ်တစ်ခုအဖြစ် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ရိုးရာလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းခြင်းဆိုသည်မှာ လယ်သမားများ၏အချိန်ကို တန်ဖိုးထားခြင်း၊ လုပ်အားကို သက်သာစေခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချခြင်း၊ ထုတ်လုပ်နိုင်စွမ်းကိုမြှင့်တင်ခြင်း၊ စားနပ်ရိက္ခာဖူလုံရေးကို ခိုင်မာစေခြင်းနှင့် ကျေးလက်စီးပွားရေးကို ခေတ်မီအောင် ပြောင်းလဲခြင်းတို့ ဖြစ်ပါကြောင်း၊ လယ်သမားများကို ဗဟိုပြု၍ စက်ယန္တရားငှားရမ်းခြင်း ဝန်ဆောင်မှု၊ ချေးငွေနှင့် ထောက်ပံ့ရေးစနစ်၊ လယ်ယာအခြေခံအဆောက်အအုံ၊ လူ့စွမ်းအားဖွံ့ဖြိုးရေး၊ စက်ပြုပြင်ထိန်းသိမ်းခြင်းနှင့် တာဝန်ယူမှုရှိသော ဈေးကွက်စနစ်တို့ကို တစ်စုတစ်စည်း ထည့်သွင်းထားသည့် ဥပဒေတစ်ရပ်ရေးဆွဲရန် အထူးလိုအပ်လျက် ရှိပါကြောင်းနှင့် အဆိုကို လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ကြံခင်း မဲဆန္ဒနယ်မှ ဦးနိုင်မင်းဦး**က လယ်ယာလုပ်ငန်းတွင် အချိန်သည်အလွန်အရေးကြီးပါကြောင်း၊ စိုက်ချိန်နောက်ကျလျှင် ရိတ်သိမ်းချိန်နှင့်အထွက်နှုန်းကိုပါ ထိခိုက်နိုင်ပါကြောင်း၊ ထို့ကြောင့် စက်မှုလယ်ယာဆိုသည်မှာ စက်ယန္တရားတစ်စီး ဝယ်ပေးခြင်းမျှမဟုတ်ဘဲ တောင်သူ၏အလုပ်ကို အချိန်မီပြီးမြောက်စေပြီး တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်ကို ထိန်းချုပ်ပေးနိုင်သည့် စနစ်တစ်ရပ်ဖြစ်ပါကြောင်း၊ ယနေ့တောင်သူများအတွက် စက်ယန္တရားကို တစ်ဦးချင်းဝယ်ယူပိုင်ဆိုင်ရန် မလွယ်ကူနိုင်ကြောင်း၊ ထို့ကြောင့် ဥပဒေတွင် "တောင်သူတိုင်း စက်ပိုင်ရှင်ဖြစ်ရမည်" ဆိုသည့်ပုံစံထက် "တောင်သူတိုင်း လိုအပ်သည့်အချိန်တွင် စက်အသုံးပြုခွင့်ရရှိရမည်" ဆိုသည့် မူကို အခြေခံသင့်ပါကြောင်း၊ ထို့ကြောင့် စက်ငှားရမ်း ဝန်ဆောင်မှုစနစ်၊ စက်ဝန်ဆောင်မှု စခန်းများ၊ အရစ်ကျငွေပေးချေမှု၊ သင့်လျော်သောချေးငွေ၊ စက်ပြုပြင်ရေးနှင့် အပိုပစ္စည်းရရှိရေးတို့ကို ဥပဒေဖြင့် အားပေးသင့်ပါကြောင်း။

ထို့ပြင် စက်မှုလယ်ယာသည် တောင်သူ၏လုပ်အားကို သက်သာစေခြင်း၊ အချိန်မီလုပ်ငန်းဆောင်ရွက်နိုင်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်ကို ထိန်းချုပ်နိုင်ခြင်းနှင့် ဝင်ငွေတိုးတက်ရေးတို့နှင့် တိုက်ရိုက် ဆက်စပ်နေပါကြောင်း၊ ထို့ကြောင့် အဆိုသည် စက်ဝယ်ယူရေးအဆိုမဟုတ်ဘဲ တောင်သူများ၏ ထုတ်လုပ်မှုစွမ်းအားနှင့် စီးပွားရေးအခြေအနေ မြှင့်တင်ရေးအဆိုဖြစ်ပါကြောင်း၊ အလားတူ စက်ဝန်ဆောင်မှုစခန်း၊ ငှားရမ်းခနှုန်းထားဆိုင်ရာ မူဝါဒ၊ စက်ပြုပြင်ထိန်းသိမ်းရေးနှင့် တောင်သူအခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းပေးရန် အကြံပြုအပ်ပါကြောင်း၊ တောင်သူတိုင်း စက်မပိုင်နိုင်သော်လည်း တောင်သူတိုင်း စက်အသုံးပြုခွင့်ရရှိနိုင်ရေးသည် စက်မှုလယ်ယာဖွံ့ဖြိုးရေး၏ အခြေခံရည်မှန်းချက် ဖြစ်သင့်ပါကြောင်း၊ စက်မှုလယ်ယာ ကူးပြောင်းရေးတွင် "ဘဏ္ဍာရေးစနစ်"သည် အခြေခံကျသော အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ထို့ကြောင့် စက်ဝယ်ယူရန် ချေးငွေ၊ အရစ်ကျစနစ်၊ ငှားရမ်းဝယ်ယူစနစ်နှင့် စက်ဝန်ဆောင်မှု လုပ်ငန်းများအတွက် အရင်းအနှီးပံ့ပိုးမှုတို့ကို စနစ်တကျ တည်ဆောက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် စက်မှုလယ်ယာဖွံ့ဖြိုးရေးအတွက် သီးခြားဘဏ္ဍာရေး မူဝါဒတစ်ရပ် ချမှတ်သင့်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မြဝတီ မဲဆန္ဒနယ်မှ ဦးခင်မောင်ချင်း**က စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို စနစ်တကျ ပြဋ္ဌာန်းအကောင်အထည်ဖော်နိုင်ပါက လယ်ယာလုပ်ငန်းများ၏ စက်မှုလယ်ယာ အသုံးပြုမှု တိုးတက်လာပြီး ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ပိုမိုမြန်ဆန် ထိရောက်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင်လုပ်သားလိုအပ်ချက်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များကို လျှော့ချနိုင်ခြင်း၊ သီးနှံရိတ်သိမ်းချိန် နောက်ကျမှုနှင့် ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုများကို လျှော့ချနိုင်ခြင်း ထိုမှတစ်ဆင့် တောင်သူ လယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝ တိုးတက် ကောင်းမွန်ရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

ထို့ကြောင့် စက်မှုလယ်ယာကဏ္ဍ၏ လက်ရှိလိုအပ်ချက်များနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ တောင်သူလယ်သမားများ၏ စက်မှုလယ်ယာနည်းပညာနှင့် စက်ယန္တရားများ အသုံးပြုနိုင်မှု တိုးတက်စေရန်၊ လယ်ယာထုတ်လုပ်မှုမြှင့်တင်ရန်၊ နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်အတွက် စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကို သီးခြားဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုရင်း အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**လဲချားမဲဆန္ဒနယ်မှ စိုင်းစိန်ဝင်း**က စက်မှုလယ်ယာဖွံ့ဖြိုးရေး ဥပဒေတွင် တောင်သူများအတွက် စက်ယန္တရားဝယ်ယူရန် ချေးငွေနှင့်ငွေကြေးပံ့ပိုးမှု စနစ်များ၊ စက်ယန္တရား ငှားရမ်းအသုံးပြုနိုင်သည့်စနစ်များ၊ ကျေးလက်ဒေသအလိုက် စက်ယန္တရားဝန်ဆောင်မှုစင်တာများ တည်ဆောက်ပေးခြင်း၊ စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးနှင့် အပိုပစ္စည်းရရှိရေးစနစ်များနှင့် စက်ယန္တရားအသုံးပြုသူများအတွက် လက်တွေ့ကျွမ်းကျင်မှုနှင့် ဘေးကင်းလုံခြုံရေး သင်တန်းများစသည့် လက်တွေ့ကျသည့်အချက်များပါဝင်ရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် တောင်သူတစ်ဦးချင်းစီ စက်ဝယ်နိုင်ရေးထက် တောင်သူများလိုအပ်သည့် အချိန်တွင် စက်ယန္တရားကို အလွယ်တကူ အသုံးပြုနိုင်ရေးကို ပိုမိုအလေးထားသင့်ပါကြောင်း၊ ထို့အပြင် စက်မှုလယ်ယာဖွံ့ဖြိုးလာပါက စက်ပြုပြင်ရေး ၊ အပိုပစ္စည်းထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လယ်ယာဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်လာနိုင်သဖြင့် ကျေးလက်ဒေသတွင် အလုပ်အကိုင်နှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများလည်း တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တောင်သူများအတွက် စက်ယန္တရား၊ ငွေကြေး၊ နည်းပညာနှင့် ဝန်ဆောင်မှုများကို တစ်စုတစ်စည်းတည်း ပံ့ပိုးပေးနိုင်မည့် စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတစ်ရပ် အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းရန် တိုက်တွန်းသည့် ယခုအဆိုကို အလေးအနက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ကျေးသီး မဲဆန္ဒနယ်မှ ဒေါ်နန်းတင်ဦး**က ယနေ့ခေတ်လယ်ယာစိုက်ပျိုးရေးသည် ရိုးရာလုပ်သားအင်အားနှင့် စက်ယန္တရားအသုံးပြုမှု အဆင့်တွင်သာ မရပ်တန့်တော့ဘဲ တိကျသောနည်းပညာ၊ သတင်းအချက်အလက်နှင့် အလိုအလျောက်စနစ်များ အသုံးပြုသည့် ခေတ်မီလယ်ယာစနစ်သို့ ကူးပြောင်းလာနေပါကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့်လည်း ထွန်စက်၊ ရိတ်သိမ်းစက်များ အသုံးပြုခြင်းမှစ၍ မြေ၊ ရေ၊ မျိုးစေ့၊ မြေသြဇာနှင့် သီးနှံအခြေအနေများကို အချက်အလက်အပေါ်အခြေခံ၍ စီမံခန့်ခွဲသည့် လယ်ယာ စနစ်များအထိ တဖြည်းဖြည်း တိုးတက်သွားရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် စက်ယန္တရားများ တင်သွင်းအသုံးပြုခြင်း တစ်ခုတည်းဖြင့် မလုံလောက်ဘဲ စံချိန်စံညွှန်း၊ စမ်းသပ်စစ်ဆေးမှု၊ ဘေးကင်းလုံခြုံရေး၊ နည်းပညာသုတေသန၊ ကျွမ်းကျင်လုပ်သားနှင့် ပြည်တွင်းစက်မှုလုပ်ငန်းတို့ကို တစ်ပြိုင်တည်း ဖွံ့ဖြိုးစေရန် လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတစ်ရပ်ကို အမြန်ဆုံး ရေးဆွဲပြဋ္ဌာန်းပြီး နည်းပညာ၊ စံချိန်စံညွှန်း၊ လူ့စွမ်းအား၊ ပြည်တွင်းစက်မှု လုပ်ငန်းနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော်ပေးရန် တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ တင်သွင်းသည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေး ဥပဒေရေးဆွဲပြဋ္ဌာန်းရန် တိုက်တွန်းသည့် အဆိုကို အလေးအနက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မိုင်းကိုင် မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းမွှေး**က စက်မှုလယ်ယာ၏ အကျိုးကျေးဇူးကို လယ်သမားအနည်းစုသာရရှိပြီး တောင်သူအများစုမရရှိပါက နိုင်ငံ၏ စက်မှုလယ်ယာကူးပြောင်းရေး ရည်မှန်းချက် မပြည့်စုံနိုင်ပါကြောင်း၊ ထို့ကြောင့်တောင်သူငယ်များအတွက် စက်ငှားရမ်းရေး၊ ငွေကြေးအထောက်အပံ့၊ စက်ဝန်ဆောင်မှုနှင့် နည်းပညာလက်လှမ်းမီရေးတို့ကို ဥပဒေတွင် ထည့်သွင်းပေးရန် ထောက်ခံအပ်ပါကြောင်း၊ စက်မှုလယ်ယာဖွံ့ဖြိုးရေးကို ဆွေးနွေးရာတွင် တောင်သူများ၏ လုပ်သားအင်အား အခန်းကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ပါကြောင်း၊ ကျေးလက်ဒေသတွင်လယ်ယာလုပ်သားရှားပါးလာခြင်း၊ အလုပ်သမားစရိတ်မြင့်တက် လာခြင်းတို့သည် လယ်ယာကုန်ထုတ်လုပ်မှု အပေါ် သက်ရောက် နိုင်ပါကြောင်း၊ စက်မှုလယ်ယာသည် လုပ်အားလိုအပ်ချက်ကို လျှော့ချနိုင်သည့် နည်းလမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ သို့သော် စက်မှုလယ်ယာကြောင့် လူအလုပ်အကိုင်များ ပျောက်ကွယ်သွားမည်ဆိုသည့် စိုးရိမ်မှုကိုလည်း လျစ်လျူရှု၍ မရပါကြောင်း၊ အမျိုးသမီး တောင်သူများအတွက်လည်း လေးလံသောလုပ်အားလိုအပ်သည့် လယ်ယာလုပ်ငန်းများကို စက်ဖြင့်လျှော့ချနိုင်ခြင်းသည် အကျိုးရှိနိုင်ပါကြောင်း၊ ထို့ကြောင့် စက်ငှားရမ်းရေးနှင့် သင်တန်းများတွင် အမျိုးသမီးများနှင့် လူငယ်များ လက်လှမ်းမီနိုင်ရေးကို ထည့်သွင်းသင့်ပါကြောင်း၊ စက်မှုလယ်ယာသည် လူကို ဖယ်ရှားရန် မဟုတ်ပါကြောင်း၊ လူ၏လုပ်အားကို ပိုမိုတန်ဖိုးရှိသော နည်းပညာနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများသို့ ပြောင်းလဲပေးရန် ဖြစ်ပါကြောင်း၊ ထို့ကြောင့် စက်မှုလယ်ယာဥပဒေတွင် လူငယ်နှင့် အမျိုးသမီးများ အတွက် လေ့ကျင့်ရေးနှင့် လုပ်ငန်းအခွင့်အလမ်းများ ထည့်သွင်းပေးရန် ဒေါက်တာကျော်ဆွေ (တောင်တွင်းကြီး မဲဆန္ဒနယ်)မှ တင်သွင်းသည့် စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေရေးဆွဲပြဋ္ဌာန်းရန် တိုက်တွန်းသည့်အဆိုကို အလေးအနက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။ စာမျက်နှာ ၆ သို့ ☆

☆ စာမျက်နှာ ၅ မှ

**တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်**က စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲ ဆောင်ရွက်နိုင်ပါက လုပ်သားလိုအပ်ချက် လျှော့ချနိုင်ခြင်း၊ အချိန်မီထွန်ယက်/ စိုက်ပျိုး/ ရိတ်သိမ်းနိုင်ခြင်း၊ ထုတ်လုပ်မှု ကုန်ကျစရိတ် လျှော့ချနိုင်ခြင်း၊ စိုက်ပျိုးချိန်/ ရိတ်သိမ်းချိန် နောက်ကျမှုကြောင့် ဖြစ်သော ဆုံးရှုံးမှုများ လျှော့ချနိုင်ခြင်း၊ လယ်ယာထုတ်ကုန် အရည်အသွေး မြှင့်တင်နိုင်ခြင်း၊ လူငယ်များ လယ်ယာကဏ္ဍသို့ နည်းပညာဖြင့် ပြန်လည် ဝင်ရောက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ပါကြောင်း၊ တောင်သူတစ်ဦးချင်းစီအတွက် လယ်ထွန်စက်၊ ရိတ်သိမ်းစက်၊ အခြောက်ခံစက်တို့ကို ပိုင်ဆိုင်ရန်ထက် မိမိလိုအပ်သည့်အချိန်တွင် အရည်အသွေးကောင်းမွန်သော စက်ကို သင့်တင့်သောဈေးနှုန်းဖြင့် အသုံးပြုနိုင်ခြင်းက ပို၍အရေးကြီးပါကြောင်း၊ ထို့ကြောင့် ကျေးရွာအုပ်စုအလိုက်၊ သမဝါယမအဖွဲ့အလိုက်၊ တောင်သူအဖွဲ့အလိုက် စက်ယန္တရားများကို ပူးပေါင်းအသုံးပြုနိုင်သည့် စနစ်တစ်ရပ် ဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ဤအဆိုသည် "တောင်သူတိုင်း စက်ပိုင်ရှင်ဖြစ်ရေး" မဟုတ်ဘဲ "တောင်သူတိုင်း စက်မှုလယ်ယာဝန်ဆောင်မှုကို အပြည့်အဝရရှိအသုံးပြုနိုင်ရေး" ဖြစ်သင့်ပါကြောင်းနှင့် စက်မှုလယ်ယာဖွံ့ဖြိုးရေးဥပဒေ ပြဋ္ဌာန်းခြင်းသည် စက်ယန္တရားများ ပိုမိုဝယ်ယူ အသုံးပြုရန်အတွက်သာ မဟုတ်ဘဲ မြန်မာ့လယ်ယာကဏ္ဍ၏ စိုက်ပျိုး၊ ထုတ်လုပ်မှုစနစ်တစ်ခုလုံးကို ရိုးရာစနစ်မှ ခေတ်မီထိရောက်ပြီး ယှဉ်ပြိုင်နိုင်သော စိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲရန် ဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ပင်းတယ မဲဆန္ဒနယ်မှ ဦးဝင်းဇော်**က စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရာတွင် စက်ယန္တရားများကို ဝယ်ယူတင်သွင်းပေးရုံဖြင့် ရေရှည်တည်တံ့သော စက်မှုလယ်ယာစနစ်တစ်ရပ် မဖြစ်နိုင်သည့်အတွက် စက်ယန္တရား ထုတ်လုပ်နိုင်သည့် နိုင်ငံသို့ တဖြည်းဖြည်း ကူးပြောင်းရန် လိုအပ်ပါကြောင်း၊ ယနေ့လယ်ယာကဏ္ဍတွင် စက်များ ပိုမိုအသုံးပြုလာသည်နှင့်အမျှ ပြည်တွင်း စက်ယန္တရားထုတ်လုပ်ရေး၊ အပိုပစ္စည်းထုတ်လုပ်ရေး၊ တပ်ဆင်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများကို အားပေးသည့် မူဝါဒထည့်သွင်းသင့်ပါကြောင်း၊ တောင်သူများ၏ အမှန်တကယ် လိုအပ်ချက်နှင့် ကိုက်ညီသည့် စက်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ပါက လယ်ယာကဏ္ဍ တစ်ခုတည်းကိုသာ အကျိုးပြုမည်မဟုတ်ဘဲ သံမဏိ၊ လျှပ်စစ်၊ စက်မှုထုတ်လုပ်ရေး၊ အင်ဂျင်နီယာ၊ အပိုပစ္စည်း ထုတ်လုပ်ရေးနှင့် နည်းပညာ ဝန်ဆောင်မှု ကဏ္ဍများကိုပါ အကျိုးသက်ရောက်စေမည်ဖြစ်ပါကြောင်း။

စက်မှုလယ်ယာဖွံ့ဖြိုးရေးတွင် စက်ယန္တရားသည် အရင်းအနှီးကြီးမားသည့် ပစ္စည်းတစ်ခုဖြစ်ပြီး အန္တရာယ်နှင့်လည်း ဆက်စပ်နေသည့်အတွက် စက်မှုလယ်ယာဥပဒေကို ပြုစုရာတွင် စက်ယန္တရား ဝယ်ယူရေးအတွက် ငွေကြေးထောက်ပံ့မှုနှင့်အတူ စက်ယန္တရားအာမခံ၊ သဘာဝဘေးအန္တရာယ်နှင့် ဈေးငွေအန္တရာယ် စီမံခန့်ခွဲရေးကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါကြောင်း၊ ထို့ကြောင့် ဥပဒေတွင် အစိုးရ၊ ဘဏ်များ၊ အာမခံလုပ်ငန်းများနှင့် တောင်သူအဖွဲ့များ ပူးပေါင်း၍ စက်မှုလယ်ယာအတွက် သင့်လျော်သည့် အာမခံနှင့် အန္တရာယ်စီမံခန့်ခွဲရေးစနစ်များ ဖော်ဆောင်နိုင်ရန် အခြေခံမူများ ထည့်သွင်းသင့်ပါကြောင်း ဆွေးနွေးသည်။

**တာချီလိတ် မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်**က စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်ခန့်ကတည်းက အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သည်နှင့် အညီ ယနေ့ခေတ်စက်ယန္တရားများအသုံးပြုမှု၊ ငှားရမ်းဝန်ဆောင်မှု၊ စက်ပြုပြင်ထိန်းသိမ်းမှု၊ စက်ပစ္စည်းအရည်အသွေးနှင့် လုံခြုံရေးများ၊ နည်းပညာသင်တန်းနှင့် ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုများသည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုကျယ်ပြန့် ဖွံ့ဖြိုးတိုးတက်လာနေသည့်အတွက် စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေသည် အတိအကျ လိုအပ်နေပြီဖြစ်ပါကြောင်း၊ စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်၏ စီးပွား ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အကျိုးရှိစေပြီး အထောက်အပံ့ကောင်း များစွာ ဖြစ်ထွန်းလာစေမည် ဖြစ်ပါကြောင်း။

ထို့ပြင် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်တည်တံ့စေမည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာနိုင်ငံ မြေမျက်နှာသွင်ပြင်၊ မြေအမျိုးအစား၊ ရာသီဥတု၊ သီးနှံပုံစံတို့နှင့် ကိုက်ညီစေမည့် စက်ယန္တရားများကို သုတေသနများ ပြုလုပ်ပြီး ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်း စက်ယန္တရားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေး၊ တောင်သူလယ်သမားများအတွက် လက်တွေ့အသုံးဝင်စေမည့်နည်းပညာများ ဖြန့်ဝေထောက်ပံ့ပေးနိုင်စေရေးကိုအလေးအနက်ထားကာ ဥပဒေများဖြင့် အကာအကွယ်ပေး အားပေးအားမြှောက် ပြုရမည်ဖြစ်သည့်အတွက် အဆိုကို အပြည့်အဝ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ကျောက်ပန်းတောင်း မဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်၊ မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသန်းရွှေ၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးမိုးတင်နှင့် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အဓိကအခြေခံထားပြီး နိုင်ငံလူဦးရေ၏ (၇၀) ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် မှီတင်းနေထိုင်လျက်ရှိကြပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စိုက်ပျိုးရေးကဏ္ဍသည် အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသဖြင့် စိုက်ပျိုးရေး ထုတ်လုပ်မှုစွမ်းအား တိုးတက်စေရန်အတွက် လယ်ယာလုပ်ငန်းတွင် စက်ယန္တရားနှင့် ခေတ်မီနည်းပညာများကို ထိရောက်စွာ အသုံးချနိုင်ရေးသည် အရေးကြီးသော လိုအပ်ချက်တစ်ရပ် ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် လူအင်အားအပေါ် အလွန်အကျွံမှီခိုအသုံးပြုမှုကို လျှော့ချနိုင်ရန်၊ လယ်ယာလုပ်ငန်း၏ ထုတ်လုပ်မှုစွမ်းရည်နှင့် ထိရောက်မှုကို မြှင့်တင်နိုင်ရန်၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ကို လျှော့ချနိုင်ပြီး တောင်သူဝင်ငွေ တိုးစေရန်၊ ရိတ်သိမ်းချိန်လွန် ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်၊ တောင်သူလယ်သမားများအတွက် စက်ယန္တရားအသုံးပြုနိုင်မှုကို တိုးမြှင့်နိုင်ရန်တို့အတွက် ခေတ်မီစက်မှုလယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

စက်ကိရိယာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် အချိန်တိုအတွင်း စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ကာ သီးထပ်စွမ်းအားကို မြှင့်တင်ပေးနိုင်မည်ဖြစ်သကဲ့သို့ ရိတ်သိမ်းချိန်မှန်ကန်ခြင်းနှင့် လေလွင့်ပြုန်းတီးမှုကို လျှော့ချပေးနိုင်သဖြင့် သီးနှံထုတ်လုပ်မှုတိုးတက်လာပြီး သီးနှံအရည်အသွေးကိုလည်း ပိုမိုကောင်းမွန်လာမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တောင်သူများ စက်ပစ္စည်း ဝယ်ယူပိုင်ဆိုင်ခြင်းကိုသာ အခြေခံခြင်း မပြုဘဲ ငှားရမ်းအသုံးပြုခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ သမဝါယမနှင့် စုပေါင်းအသုံးပြုခြင်း၊ သင့်လျော်သောငွေကြေးထောက်ပံ့မှု၊ နည်းပညာသင်တန်း၊ အရည်အသွေးစစ်ဆေးမှု၊ လေ့ကျင့်ရေး၊ ပြည်တွင်း ထုတ်လုပ်မှုနှင့် တောင်သူအခွင့်အရေးကာကွယ်မှုတို့ကို တစ်ခုတည်းသော စက်မှုလယ်ယာစနစ်လွှမ်းခြုံဖော်ဆောင်နိုင်အောင် ဥပဒေတစ်ရပ်ကို ခိုင်မာစွာ ပြဋ္ဌာန်းပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ဥပဒေပြဋ္ဌာန်းနိုင်ခြင်းဖြင့် စက်ကိရိယာ ဝယ်ယူလိုသည့် တောင်သူများအတွက် သက်သာသောအတိုးနှုန်းဖြင့် ရေရှည်ချေးငွေစနစ်များ၊ အရစ်ကျစနစ်များနှင့် အခွန်ကင်းလွတ်ခွင့်ဆိုင်ရာမူဝါဒများကို တရားဝင်အကာအကွယ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ဥပဒေတွင် စက်မှုလယ်ယာဝန်ဆောင်မှု အခန်းကဏ္ဍ ထည့်သွင်းရေးဆွဲခြင်း၊ လယ်ယာသုံး စက်ကိရိယာများ၏ အရည်အသွေး စမ်းသပ်ခြင်း၊ အကဲဖြတ်ခြင်း၊ မှတ်ပုံတင်ခြင်း၊ စံသတ်မှတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အသုံးပြုမည့် တောင်သူ လယ်သမားများ၏ စိတ်ချယုံကြည်မှုကို ရရှိစေမည် ဖြစ်ပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်စေနိုင်မည် ဖြစ်ပါကြောင်း၊ ယခုအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည့် အပေါ်တွင်လည်း ဝန်ကြီးဌာနအနေဖြင့် များစွာအသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆွေးနွေးအကြံပြုချက်များကို လိုအပ်သလို ဖြည့်စွက် ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်က ချမှတ်ထားသော စက်မှုလယ်ယာ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒနှင့်အညီ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာ ဘေးကင်းလုံခြုံရေးနှင့် လယ်ယာ ကုန်ထုတ်စွမ်းအား မြင့်မားပြီး တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ ရေရှည်ဖွံ့ဖြိုးတိုးတက်သော စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရောက်ရှိစေရန်၊ တောင်သူလယ်သမားများနှင့် ဒေသခံလယ်သမား အစုအဖွဲ့များက ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ် ထူထောင်နိုင်သည့် သင့်လျော်သော လယ်ယာသုံးစက်ကိရိယာများအသုံးပြုရေးကို ပံ့ပိုးကူညီပြီး အားပေးမြှင့်တင်ရန်၊ လယ်ယာသုံး စက်ကိရိယာများကို အရည်အသွေးအာမခံချက် ပြည့်မီစွာ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးနှင့် တောင်သူများ လက်လှမ်းမီစွာ ဝယ်ယူ၊ ငှားရမ်းအသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်က ထောက်ပံ့ကူညီပေးနိုင်ရန်၊ သမားရိုးကျ လက်မှုလယ်ယာစနစ်မှ ရေရှည်တည်တံ့သည့် စက်မှုလယ်ယာစနစ်သို့ စနစ်တကျ ကူးပြောင်းနိုင်ရန် စသည့်မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေမည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကျိုးကျေးဇူးများ ကြီးမားစွာဖြစ်ထွန်းစေနိုင်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့်လည်း လက်ရှိတွင် အခန်း(၁၆) ခန်း ပါရှိသည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဥပဒေတစ်ရပ်ကို အကောင်အထည်ဖော်ရေးဆွဲလျက်ရှိပြီး ဆက်လက်၍လည်း ထပ်မံဖြည့်စွက်သင့်သည့် အချက်များကို ဖြည့်စွက်ရေးဆွဲသွားမည်ဖြစ်ပါသဖြင့် ဝန်ကြီးဌာနမှ ရည်မှန်းဆောင်ရွက်နေမှုနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး၏ အဆိုတင်သွင်းမှုမှာ ကိုက်ညီမှုရှိပြီး အလွန်တရာအကျိုးရှိသော အဆိုတစ်ရပ်လည်း ဖြစ်သည့်အတွက် အဆိုအပေါ် ထောက်ခံပါကြောင်းနှင့် ဥပဒေအမြန်ဆုံးပေါ်ပေါက်ရေး အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို အောက်တိုဘာ ၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**ဟားခါး အောက်တိုဘာ ၂**

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို ယမန်နေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးအာကာကျော်မိုးအစား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသည့် ဗိုလ်မှူးရန်အောင်ဖြိုးက လွှတ်တော်၏ရှေ့မှောက်တွင် ကတိသစ္စာပြုသည်။

ထို့နောက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့်စပ်လျဉ်း၍ မေးမြန်းရာ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ချင်းပြည်နယ် လွှတ်တော်ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌနှင့် ချင်းပြည်နယ်လွှတ်တော်ပညာရေးနှင့် ကျန်းမာရေးကော်မတီဝင်များအဖြစ် ဗိုလ်မှူးရန်အောင်ဖြိုးအား လွှတ်တော်၏ သဘောတူညီချက်ဖြင့် အစားထိုးခန့်အပ်ပြီး ချင်းပြည်နယ်လွှတ်တော် ဒေသန္တရ စီမံကိန်း၊ အရအသုံးငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စွမ်းအင်ဆိုင်ရာကော်မတီတို့၏အဖွဲ့ဝင်အဖြစ်မှ ဗိုလ်မှူးအာကာကျော်မိုးအား လွှတ်တော်၏ အတည်ပြုချက်ဖြင့် နုတ်ထွက်ခွင့်ပြုသည်။

ယင်းနောက် တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ပထမနေ့ ရပ်နားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❍ **မင်းဘူးမှ**

အခမ်းအနားတွင် မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

**ကြည့်ရှုအားပေး**

ဆက်လက်ပြီး မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် အမြဲမပြတ်လေ့လာသင်ယူရေး စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသူများအား ဆုများပေးအပ်ချီးမြှင့်ခြင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အိမ်ရာကျောင်းနှင့် ရေပုတ်ကျေးရွာမှ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ရှိ ကျောင်းစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များ ပေးအပ်လှူဒါန်းခြင်း၊ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှု၊ ကာယစွမ်းရည်ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲနေမှုနှင့် ဌာနဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

■

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေး က တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးဆဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၁၉၆ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးသိန်းလှိုင်၏ **အသက်(၁၈)နှစ်အောက် ကလေးသူငယ်များအတွက် Online Platform များ အသုံးပြုရာတွင် ကြုံတွေ့ရင်ဆိုင်နေရသည့် အန္တရာယ်များမှ ကာကွယ်ရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က Online Platform များ အသုံးပြုရာတွင် ကြုံတွေ့ ရင်ဆိုင်နေရသည့် အန္တရာယ်များအား ဥပဒေပိုင်းဆိုင်ရာအရ ကာကွယ်နိုင်ရန် ဆိုက်ဘာလုံခြုံရေး ဥပဒေကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဦးစီးကော်မတီအနေဖြင့် ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်းတို့နှင့် စပ်လျဉ်း၍ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ပြင် အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း၊ အသိပေးကြေညာခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းများ၊ အခြေခံအဆောက်အအုံ ကာကွယ်ခြင်းလုပ်ငန်းများကို ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေး အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပုဒ်မ(၁၀)အရ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဦးစီးကော်မတီအောက်တွင် ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာကာကွယ်ရေး၊ ဆိုက်ဘာမှုခင်းဆိုင်ရာ လုပ်ငန်းကော်မတီများအား ဖွဲ့စည်းထားပြီး ဆိုက်ဘာခြိမ်းခြောက်မှုများနှင့် ဆိုက်ဘာမှုခင်းများအား အရေးယူနိုင်ရေးနှင့် ကာကွယ်တားဆီးရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဒ်မ (၁၁)အရ ဆိုက်ဘာလုံခြုံရေးဦးစီးဌာနအနေဖြင့် အွန်လိုင်းမှတစ်ဆင့် နှောင့်ယှက် စော်ကားမှုများနှင့် မဟုတ်မမှန်သတင်းများ ဖြန့်ဝေမှုများကို တားဆီးကာကွယ်နိုင်ရေး အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ကျောင်းသားလူငယ်များအတွက် Online Platform များ အသုံးပြုရာတွင် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် အန္တရာယ်များအား ကြိုတင်ကာကွယ်နိုင်ရန်အတွက် နိုင်ငံတော်အဆင့် အခမ်းအနားများတွင် ဆိုက်ဘာလုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်များမျှဝေခြင်း၊ ဗီဒီယို / Animation များပြသခြင်းနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံပိုင်ရုပ်သံမီဒီယာများတွင် “ဆယ်ကျော်သက်နှင့် ဆိုက်ဘာ အနိုင်ကျင့်ခြင်း” ခေါင်းစဉ်အပါအဝင် ဆိုက်ဘာလုံခြုံရေးအသိပညာပေး ကာတွန်းဇာတ်လမ်းတိုများကို အခါအားလျော်စွာ ထုတ်လွှင့်ပြသလျက်ရှိပါကြောင်း။

ထို့ပြင် ဆက်သွယ်ရေးဥပဒေအရ “ဆက်သွယ်ရေး ကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း”တို့ ပြုလုပ်ခံရခြင်းများအား သက်ဆိုင်ရာရဲစခန်းများတွင် သတင်းပေးပို့တိုင်ကြားနိုင်ပြီး ပြစ်မှုထင်ရှားပါက ဥပဒေ၊ ပုဒ်မ ၆၆(ဃ)အရ နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရနိုင်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်း တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းတွင် တည်ရှိသော ဟင်နောင်ကျေးရွာနှင့် နန်းမောင်ခန်း ကျေးရွာတို့ကို ဆက်သွယ်ထားသော ကိုယ့်အားကိုယ်ကိုးသစ်သားတံတားခန့်မှန်း ပေ ၂၀၀ ကျော်အား ကွန်ကရစ်တံတား ဆောက်လုပ်ပေးရန်နှင့် နန်းမောင်ခန်း ကျေးရွာနှင့် ဆန်ကျိန်း ကျေးရွာတို့ကို ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် နန်းမောင်ခန်း ချောင်းကူးကြိုးတံတား ပေ ၂၀၀ အား ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ပထမတံတားဖြစ်သည့် ဟုမ္မလင်းမြို့နယ် ဟင်နောင်ကျေးရွာနှင့် နန်းမောင်ခန်း ကျေးရွာတို့ကို ဆက်သွယ်သည့် သစ်သားတံတားသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ သိမ်းသွင်းရန် ကျန်ရှိသည့် လမ်းစာရင်းတွင်ပါရှိသည့် တံတားဖြစ်ပြီး တည်ဆောက်ထားသည်မှာ နှစ်ကာလ ကြာမြင့်နေပြီဖြစ်၍ လက်ရှိအခြေအနေတွင် ဆိုင်ကယ်များသာ သွားလာနိုင်ပါကြောင်း၊ အဆိုပါ သစ်သားတံတားကို အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရေးအတွက် တိုင်းဒေသကြီး ရန်ပုံငွေ အကန့်အသတ်အတွင်းမှ ပြင်ဆင်ထိန်းသိမ်းခြင်းအား လတ်တလော ဆောင်ရွက်ပေးမည်ဖြစ်ပြီး သံကူကွန်ကရစ်တံတား ဆောက်လုပ်ခြင်းကို ဒေသလိုအပ်မှု၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် အကျိုးပြုမှုတို့အပေါ် မူတည်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ပြည်ထောင်စု (သို့မဟုတ်) တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှ စတင်၍ ဒေသန္တရဖွံ့ဖြိုးရေး ၅ နှစ် နှစ်တိုစီမံကိန်းစာရင်းတွင် အဆိုပြုလျာထားမည်ဖြစ်ပါကြောင်း။

ဒုတိယတံတား ဖြစ်သည့် နန်းမောင်ခန်း ကျေးရွာနှင့် ဆန်ကျိန်း ကျေးရွာတို့ကို ဆက်သွယ်သည့် ချောင်းကူးကြိုးတံတား ပေ ၂၀၀ သည် ကျေးလက်လမ်း ဧရိယာတွင် ပါဝင်သော်လည်း လုပ်ငန်းလိုအပ်ချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး တိုင်းဒေသကြီးရန်ပုံငွေမှ ငွေကျပ်သန်း ၅၄ ဒသမ ၆၀ ဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆိုပါ ကြိုးတံတားပြုပြင်ထိန်းသိမ်းရန်အတွက် ပွင့်လင်းရာသီတွင် မြေပြင်ကွင်းဆင်းပြီး လိုအပ်ချက်များနှင့်အညီ နယ်စပ်ဒေသဖွံ့ဖြိုးရေး တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှ စတင်၍ ဒေသဖွံ့ဖြိုးရေး ၅ နှစ် နှစ်တိုစီမံကိန်းစာရင်းတွင် အဆိုပြုလျာထားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁) ဦးရခွီဖုန် (Rakwi Pung)၏ **ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ဇီးထန်ကျေးရွာအုပ်စု အချန်ချောင်းနှင့် ဇီးထန်ချောင်းဆုံတွင် အလျားပေ ၂၂၀၊ အကျယ် ၁၄ ပေရှိ RC သံကူကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ခေါင်လန်ဖူးမြို့နယ် အချန်ချောင်းနှင့် ဇီးထန်ချောင်းဆုံတွင် ပေ ၂၂၀ RC ကွန်ကရစ်တံတားတည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့်လည်း နည်းပညာပိုင်းဆိုင်ရာ အကူအညီများ ပေါင်းစပ်ပေးမည်ဖြစ်သော်လည်း နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် လက်ရှိနယ်မြေလုံခြုံရေး အခြေအနေအရ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် လုံခြုံရေး ကောင်းမွန်လာသည့်အချိန်မှသာ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ပေါင်းစပ်၍ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေး တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **မကွေးတိုင်းဒေသကြီး မင်းဘူး-သရက်ရထားလမ်း၊ သရက်-ကံမရထားလမ်း၊ မင်းလှ-တောင်တွင်းကြီး ရထားလမ်းပိုင်းများ ပြန်လည် ပြေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်နေခြင်း ရှိ၊ မရှိ၊ ရှိပါက မည်သည့် အချိန်ကာလတွင် ပြန်လည်ပြေးဆွဲနိုင်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာ့မီးရထားအနေဖြင့် မင်းဘူး-မင်းလှ-သရက် ခရီးစဉ်ကို မင်းဘူး (၁)/ (၂) RBE ရထားများဖြင့် ပြေးဆွဲခဲ့ပါကြောင်း၊ ဆက်လက်၍ သရက်-ကံမ ခရီးစဉ် ၂၉ ဒသမ ၁၄ မိုင်အား အမှတ်(၁၉၉) အဆန်/(၂၀၀) အစုန် RBE ရထားများဖြင့် ပြေးဆွဲပေးခဲ့ပါကြောင်း၊ အလားတူ မင်းလှ-တောင်တွင်းကြီးခရီးစဉ်ကို အမှတ်(၁၉၃) အဆန်/(၁၉၄)အစုန် RBE ရထားများဖြင့် ပြေးဆွဲပေးခဲ့ပြီး အဆိုပါ လမ်းပိုင်းများအား ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် မတ် ၂၉ ရက်မှစတင်၍ ရထားပြေးဆွဲခြင်းများကို ရပ်ဆိုင်းခဲ့ပါကြောင်း။

အဆိုပါ လမ်းပိုင်းသစ်များ ဖောက်လုပ်ခဲ့ရာတွင် သစ်သားဇလီဖားနှင့် ကွန်ကရစ်ဇလီဖားများ ပေါင်းစပ်၍ ဆောင်ရွက်ခဲ့သော လမ်းပိုင်းများဖြစ်ပြီး နှစ်ကာလကြာမြင့်သဖြင့် သစ်သားဇလီဖားတုံးများ ဆွေးမြည့်ခြင်း၊ တောမီးလောင် ပျက်စီးခြင်းများ ဖြစ်ပေါ်လျက် ရှိပါကြောင်း၊ ရောဝတီမြစ်အနောက်ဘက်ခြမ်း လုံခြုံရေး အခြေအနေပေးလျှင် လမ်းကြံ့ခိုင်မှုစစ်ဆေးပြီး လိုအပ်သည့် ကွန်ကရစ်ဇလီဖားတုံးနှင့် ကျောက်ဖြည့်ဆည်းခြင်း၊ တာပေါင်များ ရေတိုက်စားမှုကို

စာမျက်နှာ ၈ သို့ ☆



တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပစဉ်။

- ☆ **ရွာထောင်ဘူတာမှစတင်၍ ပြုပြင်ခဲ့ရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဝက်လက်ဘူတာအထိ ရောက်ရှိခဲ့ပါကြောင်း၊ ရွာထောင်ဘူတာမှ ဝက်လက်ဘူတာအထိ အကွာအဝေး ၃၄ မိုင်ခန့်အား အချိန်အားဖြင့် ၄ လခန့်ပြုပြင်ခဲ့ရပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ နှောင့်ယှက်ဖျက်ဆီးမှုများ များစွာကြုံတွေ့ခဲ့ရ**
- ☆ **ဝက်လက်-ရွှေဘို လမ်းပိုင်းတွင် ၁၀ ပေအရှည် တံတား ၄ စင်း၊ ပေ ၂၀ အရှည် တံတား ၁ စင်း မိုင်းခွဲဖျက်ဆီးခံရခြင်း၊ ရထားလမ်း၏ ၁ မိုင်ကျော်ခန့် သံလမ်းများဖြုတ်ခိုးခံရခြင်း၊ ရထားလမ်းတာပေါင်များကို မြေတူးစက် (Back Hoe)ဖြင့် မြောင်းတူးဖျက်ဆီးထားခြင်းများနှင့် လုံခြုံရေးအခြေအနေများအရ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါကြောင်း၊ ထို့ပြင် ဆောင်ရွက်ပြီးဖြစ်သော ရွာထောင်-ဝက်လက် လမ်းပိုင်းတွင်လည်း သာလှိုင်းရုံးသာဘူတာနှင့် ဝက်လက်ဘူတာကြားရှိ ပေ ၁၂၀ အရှည် တံတားအမှတ်(၅၇)ပြွန်ကြီးတံတား၏ တံတားသံပေါင်များ ဖျက်ဆီးခံရခြင်း၊ ခက်ခဘူတာနှင့် ပေါက်ကန်ဘူတာကြား ပြုပြင်ထားပြီး သံလမ်းပေ ၄၂၀၀ ခန့် ဖျက်ဆီးခံရခြင်းများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထို့ပြင် စစ်ဆေးမှုမပြုနိုင်သေးသည့် နေရာများတွင်လည်း လမ်းများ၊ တံတားများ၊ ဘူတာအဆောက်အအုံများ၊ စက်ခေါင်းနှင့်တွဲများအား ဖျက်ဆီးထားမှုများကြောင့် မီးရထားဘူတာရှိ ဝန်ထမ်းများပင် တိမ်းရှောင်နေရ**

✰ စာမျက်နှာ ၇ မှ
ပြန်လည်ဖို့ခြင်း၊ တံတား(ကြီး/ငယ်) ပျက်စီးမှုများကို ပြုပြင်ခြင်း၊ ပျောက်ဆုံးနေသော သံလမ်းထိန်းကလစ်များ၊ Pad များ ပြန်လည်ဖြည့်တင်းခြင်း၊ အချက်ပြဆက်သွယ်ရေးစနစ်များ ပြန်လည်စစ်ဆေးပြုပြင်ခြင်း၊ ဘူတာများ ပြုပြင်ပေးခြင်း၊ဝန်ထမ်းနေအိမ်များ ပြုပြင်ပေးခြင်း လုပ်ငန်းများအား နှစ်အလိုက် ဘဏ္ဍာငွေလျာထား၍ အကြီးစားပြုပြင် ဆောင်ရွက်သွားမည်ဖြစ်ပြီး လတ်တလော ရထားများ ပြန်လည်ပြေးဆွဲနိုင်သည့် အခြေအနေ မရှိသေးပါကြောင်း ဖြေကြားသည်။

စစ်ကိုင်း တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဦးခင်မောင်အေး၏ **စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ဆက်စပ်လျက်ရှိသည့် ကသာခရိုင်၊ ကောလင်းခရိုင်၊ ကန့်ဘလူခရိုင်၊ ရွှေဘိုခရိုင်တို့ကို ဆက်သွယ်ထားသည့် မီးရထားလမ်းအား အပိုင်းလိုက်၊ အဆင့်လိုက် မြန်မာ့မီးရထားမှ ပြုပြင်ပြေးဆွဲပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြင့်က မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းသည် (၃၄၂ ဒသမ ၇၅)မိုင်ရှိပြီး ယခင်က လူစီးအမြန်ရထား ၁၀ စင်း၊ စာပို့ရထား ၄ စင်း၊ လူစီးကုန်တင်ရထား ၁၀ စင်းနှင့် ခရီးတိုရထား ၂ စင်းတို့အား ပြေးဆွဲပေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့်၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်၍ ရထားခရီးစဉ်များ ယာယီဖျက်သိမ်းထားခဲ့ပြီး လုံခြုံရေးအခြေအနေအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစ၍ ရပ်နားထားခဲ့ရပါကြောင်း။

မြန်မာ့မီးရထားမှ မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းတွင် ရထားများ ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ရှေးဦးစွာ ရွာထောင်-ရွှေဘိုလမ်းပိုင်း၏ ရထားလမ်းပြုပြင်ခြင်း လုပ်ငန်းများကို ၂၀၂၃ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ရွာထောင်ဘူတာမှစတင်၍ ပြုပြင်ခဲ့ရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဝက်လက်ဘူတာအထိ ရောက်ရှိခဲ့ပါကြောင်း၊ **ရွာထောင်ဘူတာမှ ဝက်လက်ဘူတာအထိ အကွာအဝေး ၃၄ မိုင်ခန့်အား အချိန်အားဖြင့် လေးလခန့်ပြုပြင်ခဲ့ရပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ နှောင့်ယှက်ဖျက်ဆီးမှုများ များစွာကြုံတွေ့ခဲ့ရပါကြောင်း။**

ရထားလမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း **ဝက်လက်-ရွှေဘို လမ်းပိုင်းတွင် ၁၀ ပေအရှည် တံတား ၄ စင်း၊ ပေ ၂၀ အရှည် တံတား ၁ စင်း မိုင်းခွဲဖျက်ဆီးခံရခြင်း၊ ရထားလမ်း၏ ၁ မိုင်ကျော်ခန့် သံလမ်းများဖြုတ်ခိုးခံရခြင်း၊ ရထားလမ်းတာပေါင်များကို မြေတူးစက် (Back Hoe)ဖြင့် မြောင်းတူး ဖျက်ဆီးထားခြင်းများနှင့် လုံခြုံရေး အခြေအနေများအရ ဆက်လက် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါကြောင်း၊ ထို့ပြင် ဆောင်ရွက်ပြီးဖြစ်သော ရွာထောင်-ဝက်လက် လမ်းပိုင်းတွင်လည်း သာလှိုင်းရုံးသာ ဘူတာနှင့် ဝက်လက်ဘူတာကြားရှိ ပေ ၁၂၀ အရှည် တံတားအမှတ်(၅၇) ပွန်ကြီးတံတား၏ တံတား သံပေါင်များ ဖျက်ဆီးခံရခြင်း၊ ခက်ခဘူတာနှင့် ပေါက်ကန် ဘူတာကြား ပြုပြင်ထားပြီး သံလမ်းပေ ၄၂၀၀ ခန့် ဖျက်ဆီးခံရခြင်းများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထို့ပြင် စစ်ဆေးမှုမပြုနိုင်သေးသည့် နေရာများတွင်လည်း လမ်းများ၊ တံတားများ၊ ဘူတာ အဆောက်အအုံများ၊ စက်ခေါင်းနှင့်တွဲများအား ဖျက်ဆီးထားမှုများကြောင့် မီးရထားဘူတာရှိ ဝန်ထမ်းများပင် တိမ်းရှောင်နေရပါကြောင်း။**

မြန်မာ့မီးရထား အနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ မန္တလေး-မြစ်ကြီးနား လမ်းပိုင်းအား ရထားများပြန်လည်ပြေးဆွဲရေးအတွက် လုံခြုံရေး အခြေအနေအပေါ် မူတည်၍ လမ်းပိုင်းအလိုက် ပြုပြင်ပေးလျက်ရှိရာ ကချင်ပြည်နယ်အတွင်း မိုးကောင်း-မြစ်ကြီးနား အသွား/အပြန်ခရီးစဉ် မိုးကောင်း-၁/၂ RBE ရထားအား ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ စ၍လည်းကောင်း၊ မိုးညှင်း-မြစ်ကြီးနား အသွား/အပြန် ခရီးစဉ် အမှတ် (၄၉)အဆန်/(၅၀)အစုန် ရထားအား ၂၀၂၆ ခုနှစ် ဇူလိုင် ၂၂ ရက်မှ စ၍လည်းကောင်း တိုးချဲ့ပြေးဆွဲပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် အများပြည်သူ သယ်ယူပို့ဆောင်ရေး (Public Transportation) အတွက် များစွာဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများကလည်း ပူးပေါင်းပါဝင်၍ ဖျက်ဆီးမှုများကို ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းရန် လိုအပ်ပါကြောင်း။

သို့ပါ၍ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့ကို ဆက်သွယ်ထားသည့် ရထားလမ်းအား နယ်မြေလုံခြုံရေး အခြေအနေပေးသည့် အချိန်တွင် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) စောမြတ်ထွဋ်ဝင်း(ခ) ကိုဆွိ၏ **ကရင်ပြည်နယ်၊ ဘားအံ (မြိုင်ကလေး) ဘူတာရုံနှင့် သထုံဘူတာရုံသို့ ရထားလမ်းများ အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ပေးရန်နှင့် ရန်ကုန်-မော်လမြိုင် ရထားများသည် ဘားအံ (မြိုင်ကလေး) ဘူတာရုံသို့ လူစီးရထားများနှင့် ကုန်တွဲရထားများ ပြေးဆွဲပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ပြေးဆွဲပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်နှင့် ပြေးဆွဲပေးနိုင်ခြင်းမရှိပါက မည်သည့် အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြင့်က မြန်မာ့မီးရထား အနေဖြင့် သထုံ-လှာကာ-မြိုင်ကလေးလမ်းပိုင်းအား ခရီးတိုရထားကို တွဲ(၂)တွဲပါ စက်ခေါင်းဖြင့် ၂၀၁၅ ခုနှစ် မေ ၂၃ ရက်မှစ၍ တစ်ပတ်လျှင် စနေ၊ တနင်္ဂနွေ နှစ်ရက်ဖြင့် နှစ်လစမ်းသပ်ပြေးဆွဲခဲ့သော်လည်း ခရီးသည် လိုက်ပါစီးနင်းမှုမရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော်လည်း လမ်းပိုင်းပျက်စီးမှု မရှိစေရေးအတွက် လမ်းပိုင်း ထိန်းသိမ်းသည့်အနေဖြင့် တစ်လလျှင် သုံးခေါက်ပြေးဆွဲခဲ့ပြီး ခရီးသည်များ လိုက်ပါစီးနင်းမှုမရှိသဖြင့် ၂၀၁၇ ခုနှစ် မေ ၂၄ ရက်မှစ၍ ခရီးတိုရထားပြေးဆွဲခြင်းကို ရပ်ဆိုင်းခဲ့ကာ သံလမ်းပြေး ယာဉ်(RGC)ဖြင့် အနည်းဆုံး တစ်လတစ်ကြိမ်လမ်းပိုင်း စစ်ဆေးခြင်းကိုသာ ဆောင်ရွက်ခဲ့ပါကြောင်း။

သထုံ-လှာကာ-မြိုင်ကလေး ရထားလမ်းပိုင်း ဖွင့်လှစ်ခဲ့ပြီးနောက် မြိုင်ကလေး ဘိလပ်မြေစက်ရုံအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ သယ်ပို့ရန် ကုန်ရထားပြေးဆွဲမှုကို ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် ကုန်ပစ္စည်းများ သယ်ယူရန် မရှိသဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ရပ်နားထားခဲ့ပါကြောင်း။

သထုံဘူတာမှ လေးတိုင်ဘူတာအထိ (၅ ဒသမ သုည)မိုင် အကွာအဝေးကို ၂၀၂၅ ခုနှစ် မတ် ၂၀ ရက်တွင် လမ်းပိုင်းပြုပြင်ပြီးဖြစ်သဖြင့် ကုန်ရထား ပြေးဆွဲခြင်းကို ပြန်လည် ဆောင်ရွက်ခဲ့ပါကြောင်း၊ သထုံ-လှာကာ-မြိုင်ကလေးလမ်းပိုင်းတွင် ခရီးသည် ရထားအား လိုက်ပါစီးနင်းသူမရှိ၍ ဆက်လက်ပြေးဆွဲခြင်း မရှိသေးသည့်အပြင် လမ်းပိုင်း ပြုပြင်ခြင်းလုပ်ငန်းများမှာ ဆောင်ရွက်ဆဲဖြစ်သဖြင့် ကုန်ရထားအား လမ်းပိုင်းပြုပြင်ပြီးသည့်လေးတိုင်ဘူတာအထိသာ ပြေးဆွဲပေးလျက်ရှိပြီး ကျန်ရှိသည့် လမ်းပိုင်းပြုပြင် မွမ်းမံထိန်းသိမ်းမှုများ ဆက်လက်ဆောင်ရွက်နေပါကြောင်း။

သထုံ-လှာကာ-မြိုင်ကလေး လမ်းပိုင်းတွင် တိုင်တရာရပ်စခန်းဘူတာအနီး၌ လမ်းပိုင်းမှာ ဆင်ခြေလျှော ၁ အချိုး ၆၀ ရှိခြင်း၊ သထုံမှ လေးတိုင်အထိ ၅ မိုင်ခန့်သာ သံလမ်းတစ်ဆက်လျှင် ကွန်ကရစ်ဇလီဖား ၁၇ တုံး ထည့်သွင်းပြုပြင်ထားပြီး ကျန် ၁၇ မိုင်ကျော်အတွက် နှစ်စဉ် ဘဏ္ဍာငွေထည့်သွင်းလျာထား၍ ကွန်ကရစ်ဇလီဖား ထပ်မံထည့်သွင်းခြင်း၊ လမ်းခင်းကျောက်ဖြည့်သွင်းခြင်းနှင့် တံတားနေရာများ စစ်ဆေးပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ပါ၍ သထုံ-လှာကာ-မြိုင်ကလေး လမ်းပိုင်းတွင် ရန်ကုန်-မော်လမြိုင် DEMU ရထားနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် ဘားအံ (မြိုင်ကလေး)ဘူတာမှ လေးတိုင်ဘူတာအထိ ကျန်ရှိသည့် ၁၇ မိုင်အတွက် လမ်းပိုင်းပြုပြင်ခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လမ်းပိုင်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမည်ဖြစ်ပါကြောင်းနှင့် ယင်းအချိန်တွင် ချိတ်ဆက်ပြေးဆွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို သတင်းအချက်အလက်များ၊ နည်းပညာ အထောက်အကူများ၊ငွေကြေးပံ့ပိုးမှုများနှင့် အလုပ်အကိုင်ကျွမ်းကျင်မှုများ လွယ်ကူစွာရရှိစေရန်၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ နိုင်ငံတကာစံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးပြည့်မီပြီး ပြည်တွင်းပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများနှင့် အဟန့်အတားများ လျော့နည်းစေရန်၊ ဒီဂျစ်တယ်အသုံးပြုမှု၊ သတင်းအချက်အလက် နည်းပညာအသုံးပြုမှုနှင့် အွန်လိုင်းကုန်သွယ်မှုစနစ်တို့ ဖွံ့ဖြိုးတိုးတက်လာစေရေး ပံ့ပိုးကူညီရန်၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးအတွက်လိုအပ်သော အထောက်အပံ့များ၊အစီအစဉ်များဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဆောင်ရွက်နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားပါကြောင်း လွှတ်တော်သို့ တင်သွင်းသည်။

ဆက်လက်၍ အမျိုးသား လွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၃) ဦးဟိန်းမင်းဦးက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာသုံးသပ်ချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ၍ အမျိုးသား လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ကို အောက်တိုဘာ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# မြောင်းမြ ပညာရေးဒီဂရီကောလိပ်၌ အငြိမ်းစား မြတ်ဆရာပူဇော်ပွဲ ကျင်းပ



**မြောင်းမြ အောက်တိုဘာ ၂**

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြ ဆရာအတတ်သင်ကျောင်း၊ ပညာရေးကောလိပ်၊ ပညာရေး ဒီဂရီကောလိပ် အဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး ပညာရေးဌာနမှ နာမကျန်း၊ လုပ်သက်ပြည့် သို့မဟုတ် သက်ပြည့်အငြိမ်းစား ယူခဲ့ကြသည့် သက်ရှိထင်ရှား အသက်(၆၂)နှစ်နှင့် အထက် ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုပူဇော်သည့် ဒသမအကြိမ်မြောက် အငြိမ်းစားမြတ်ဆရာ ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြောင်းမြ ပညာရေးဒီဂရီကောလိပ် မြရတုခန်းမ၌ ကျင်းပသည်။

**လှူဒါန်း**

ပူဇော်ပွဲ အခမ်းအနားတွင် တက်ရောက် လာကြသည့် ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၁၂၀ တို့အား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ခြင်း၊ ကန်တော့ လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရေးမြို့နယ်၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**ရေး အောက်တိုဘာ ၂**

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်အောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(ရေး)၏ အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး သူရဦးရန်နိုင်ဦးက သင်တန်းဆင်းအမှာစကားပြောကြားသည်။



ဆက်လက်၍ သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ရေးမြို့နယ်(ခေတ္တ) တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ကျော်သူဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး သူရဦးရန်နိုင်ဦးနှင့် ရေးခရိုင် ရဲတပ်ဖွဲ့မှူး (ယာယီ) ဒုတိယ ရဲမှူးကြီး ထွန်းထွန်းဦးတို့က ဆုများချီးမြှင့်ပေးပြီး ကျောင်းအုပ် ဒေါ်အိအိစန်းက သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသူတစ်ဦးချင်း ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများသည် သင်တန်းသူများ ချုပ်လုပ်ထားသည့် လက်ရာများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂**

၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်း တွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက် ပြီး အဖွင့်အမှာစကားပြောကြား သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်အတူ ဇနီး ဒေါ်နီလာ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စု ဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ် ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီး များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ် ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော်ကာကွယ် ရေးတက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော် ဘောလုံးအကယ်ဒမီ ကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့်ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက် ကြသည်။

ဦးစွာ တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့က ကွင်း အတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစား အသင်း ၁၇ သင်းမှ အားကစား သမားများက ကွင်းအတွင်း ဆက်လက် နေရာယူကြသည်။ ထို့နောက် ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ဖွင့်လှစ် ကြောင်း ကြေညာချိန်တွင် တပ်မတော်အားကစားနှင့် ကာယ ပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းနှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်တို့က ဖွင့်ပွဲစာတန်းပါ မိုးပျံပူဖောင်းများအား ဖဲကြိုးဖြတ် ၍ လွှတ်တင်ကြသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစား သမားများ၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အဖွင့် အမှာစကား ပြောကြားရာတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများ မှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင် နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများ အဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက် သစ်လူငယ် အားကစားသမား ကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ အခုကဲ့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ကျင်းပပေးနေရခြင်းဖြစ်ကြောင်း။

မြန်မာ့ အားကစားကဏ္ဍ တိုးတက်ရေးကို အထောက်အကူ ပြုနိုင်ရန်အတွက် တပ်မတော် အနေဖြင့် တပ်မတော်ကိုယ်ခံပညာ နှင့် အားကစားသိပ္ပံကျောင်းကို ၁၉၉၇-၁၉၉၈ ခုနှစ်တွင် စတင် ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်ထိ လေ့ကျင့်သင်ကြားပေးလျက်ရှိ ကြောင်း၊ စတင်ဖွင့်လှစ်ခဲ့ချိန်မှ ယနေ့ထိတိုင်အောင် တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရွေးစင် အားကစားသမားများသာမက မြန်မာ့ဂုဏ် ဆောင်နိုင်ခဲ့သည့် လက်ရွေးစင် အားကစားသမား များကိုပါ မွေးထုတ်နိုင်ခဲ့သည် အထိ အောင်မြင်မှုများရရှိခဲ့သည် ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာ့အားကစား ရွှေခေတ်လို့ဆိုရမည့် ကာလများ မှာလည်း မိမိတို့တပ်မတော်သား များပါဝင်ပြီး အောင်မြင်မှုသရဖူ ဆောင်းခဲ့သည့် မှတ်တမ်းများကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အာရှ အဆင့်တွင်သာမက ကမ္ဘာ့ အိုလံပစ်ပြိုင်ပွဲများအထိ ဘောလုံး၊ ရေကူး၊ အလေးမ၊ လက်ဝှေ့ စသည့် အားကစားနည်းများတွင် နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကို ဆောင်ကြဉ်းခဲ့ရုံသာမက မှတ်တမ်းများတစ်လျှောက် ယနေ့ ထက်တိုင် သမိုင်းပုံရိပ်များအဖြစ် ထင်ကျန်နေဆဲဖြစ်ကြောင်း။

ယနေ့ ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ တွင် အားကစားနည်း ၁၂ မျိုးကို ထည့်သွင်း ကျင်းပသွားမည်ဖြစ် ကြောင်း၊ မိမိတို့ နိုင်ငံ၏ရာဇဝင် သမိုင်းကြောင်းကို ပြန်ကြည့်မည် ဆိုပါက ကျန်းမာကြံ့ခိုင်သည့် လူမျိုးများအဖြစ် အများက လေးစားအားကျရလောက်သည် အထိ ကာယအား၊ ဉာဏအား ထွန်းပြောင်ခဲ့ကြသည်ကို တွေ့မြင် ရမည်ဖြစ်ကြောင်း၊ ဆန်ရေစပါး ပေါ်များသည့် မိမိတို့နိုင်ငံ တွင် စားသောက်နေထိုင်မှုများကို သဘာဝနှင့်အညီ နေထိုင်ကျင့်ကြံ ခဲ့ကြ၍ မိမိတို့၏ဘိုးဘေးဘီဘင် များ အသက်ရှည်ရှည် ကျန်းကျန်း မာမာနှင့် နေထိုင်နိုင်ခဲ့ကြကြောင်း၊ မိမိတို့၏ သန်စွမ်းကျန်းမာမှုများ ကို အလဟဿမဖြစ်စေဘဲ ကျရောက်လာသည့် သမိုင်းပေး တာဝန်ဖြစ်သည့် နိုင်ငံတော် ကာကွယ်ရေး တာဝန်များတွင် ကိုယ်ကျိုးမငဲ့ ထမ်းရွက်ခဲ့ကြသည် ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အားကစားနှင့် ပတ်သက်၍ ရှေးဘုရင်များ အုပ်စိုးစဉ်အခါက ပင် လှေသဘင်ပွဲ၊ မြင်းခင်းသဘင် ပွဲများ ကျင်းပခဲ့သည့်အစဉ်အလာ များရှိခဲ့သည်ကို ၁၂ လရာသီ ပွဲတော်မှတ်တမ်းများအရ သိရှိကြ ရမည်ဖြစ်ကြောင်း၊ ဘာသာရေး၊ အမျိုးသားရေး၊ ရိုးရာယဉ်ကျေးမှု စသည့် အထိမ်းအမှတ်ပွဲတော်များ ကို ၁၂ ရာသီပတ်လုံး ကျင်းပခဲ့ကြ သလို လှေသဘင်ပွဲနှင့် မြင်းခင်း သဘင်ပွဲမှတစ်ဆင့် တိုင်းပြည် ကာကွယ်ရေးအတွက် လိုအပ် သည့် စစ်သည်ရဲမက်သူရဲကောင်း ရွေးချယ်ခြင်းများကိုလည်း ပြုလုပ် နိုင်ခဲ့ကြကြောင်း၊ တစ်နည်းအား ဖြင့် ဉာဏပေါင်းစပ်ထားသည့် ကာယအားပြု အားကစားပြိုင်ပွဲ များသည် နိုင်ငံတော်ကာကွယ်ရေး ကို အထောက်အကူပြုစေရန် ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တပ်မတော် အနေဖြင့်လည်း ယနေ့အားကစား ပြိုင်ပွဲအသီးသီးကို သတ်မှတ် ကာလများတွင် ကျင်းပစေပြီး ထူးချွန်သည့် အားကစားသမား များ ပေါ်ထွန်းလာစေရန် ရှေးအစဉ် အလာများနှင့်အညီ ဆောင်ရွက် ပေးနေခြင်းပင် ဖြစ်ကြောင်း၊ တပ်ခွဲအဆင့်၊ တပ်ရင်းအဆင့်၊ တပ်မအဆင့်၊ တိုင်းအဆင့်တို့မှ တစ်ဆင့် တပ်မတော်ကိုယ်စားပြု အားကစားသမား တစ်ယောက် ဖြစ်လာခြင်းသည် နိုင်ငံ့ လက်ရွေးစင် အားကစားသမား တစ်ယောက် ထပ်မံဖြစ်ပေါ်လာ စေရန် အခွင့်အလမ်းကောင်း တစ်ရပ်ဟုလည်း ဆိုနိုင်မည်ဖြစ် ကြောင်း။

တပ်မတော်အနေဖြင့် အမျိုးသား ရေး ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေဘဲ မျိုးဆက် သစ်များ ပေါ်ထွန်းစေရန် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများ ကျင်းပပေး ခြင်း၊ အားကစားသမားကောင်း များ ပေါ်ထွက်အောင် အခုကဲ့သို့ (ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် နွေရာသီ ကျောင်းပိတ်ရက်ကာလ များတွင် ကျောင်းသားလူငယ်များ အတွက် ရေကြောင်း၊ လေကြောင်း သင်တန်းများ ဖွင့်လှစ်သင်ကြား ပေးခြင်းများသည် နိုင်ငံတော် အတွက် လူသားအရင်းအမြစ် ကောင်းများ ပေါ်ထွန်းလာအောင် ဆောင်ရွက်နေခြင်းပင် ဖြစ် ကြောင်း။

ထို့ပြင် အသင်းအုပ်ချုပ် သူများ၊ နည်းပြအဖွဲ့ဝင်များအနေ ဖြင့်လည်း အားကစားသမား ရွေးချယ်ခြင်း ကိစ္စရပ်များတွင် အမှန်တကယ် ခြေစွမ်းခြေစရှိသူ များကို ရွေးထုတ်ပေးကြရန်လိုပြီး အားကစားနှင့် မသက်ဆိုင်သည့် ပုဂ္ဂိုလ်ရေးများက တစ်ဆင့် ရွေးချယ်ခြင်း မပြုကြရန်နှင့် အသင်းတာဝန်ရှိသူများ၏ သစ္စာ တရားကိုပြသကြရန် လိုအပ်မည် ဖြစ်ကြောင်း။

စစ်ပွဲတစ်ပွဲတွင် အင်အားနည်း ခြင်း၊ များခြင်း၊ လက်နက်အင်အား သာလွန်ခြင်းများထက် တိုက်ပွဲဝင် လိုစိတ်ပြင်းပြမှုနှင့် အနိုင်မခံ အရှုံးမပေးစိတ်များကသာ ခေတ် အဆက်ဆက်တွင် ထိရောက် အောင်မြင်မှုရနေဆဲဖြစ်သည်ကို တွေ့ရှိရမည် ဖြစ်ကြောင်း၊ မကြာခင်က ကျင်းပပြီးစီးခဲ့သည့် ကမ္ဘာ့ဖလား ပြိုင်ပွဲကြီးတွင် အင်အားကြီး နာမည်ကျော်အသင်း ကြီးများကို အကြောက်အရွံ့ကင်းမဲ့ စွာ ယှဉ်ပြိုင်ကစားခဲ့ကြသည့် မျက်နှာသစ်ပြိုင်ပွဲဝင် နိုင်ငံငယ် အသင်းများကို တွေ့ရှိခဲ့ရကြောင်း။

မိမိတို့ထက် အစစသာလွန် သည့် အသင်းကြီးဖြစ်သော်လည်း အကြောက်တရား မထားဘဲ ဗျူဟာမြောက် ကစားကွက်များ နှင့် တုံ့ပြန်ကစားခဲ့သဖြင့် အသင်းကြီးအချို့ ရလဒ်မကောင်း ခဲ့ကြသည်ကိုလည်း တွေ့မြင်ခဲ့ရ ကြောင်း၊ ၎င်းသည် အားကစား သမားများ၏ နိုင်ချင်စိတ်၊ အောင်မြင်ချင်စိတ် ရှိခြင်းကြောင့် ဟုလည်း ဆိုနိုင်မည်ဖြစ်ကြောင်း။

အားကစားပြိုင်ပွဲတွင် မိမိသာ လျှင် “တော်သည်၊ တတ်သည်၊ ကောင်းသည်၊ မှန်သည်” ဆိုသည့် အစွဲသည် အသင်းအဖွဲ့တစ်ခုကို ထိခိုက်ပျက်စီးစေခြင်း၏ အစ ဖြစ်ကြောင်းကို အားလုံးသတိပြု ကြရန်လိုကြောင်း၊ အသင်းလိုက် ကစားရသည့် ပြိုင်ပွဲများတွင် တစ်ဦးတစ်ယောက်အပေါ် လွန်ကဲ စွာ မှီခိုခြင်းမပြုသင့်ကြောင်း အသိ တရားတစ်ခုကို အားကစားပွဲများ မှတစ်ဆင့် ရရှိစေပြီး အသင်းသား တိုင်း ညီညွတ်စုစည်းကြမှသာ အောင်မြင်မှု ရရှိမည်ဆိုသည်ကို လည်း သင်ခန်းစာရရှိစေမည် ဖြစ်ကြောင်း၊ အဆိုပါသင်ခန်းစာ များကို အားလုံးနားလည်သိရှိပြီး လိုက်နာကျင့်သုံးမည် ဆိုပါက အားကစားတွင်သာမက ဘဝ လမ်းကြောင်းများတွင် အောင်မြင် မှုများ ရရှိကြမည်ဖြစ်ကြောင်းကို တိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာ့အားကစားကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် တစ်ဖက် တစ်လမ်းက အထောက်အကူပြု နေသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အသီးသီး တွင် ယနေ့ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရသည့် အားကစားသမားများ သည် သမိုင်းကြောင်းလှပခဲ့သည့် တပ်မတော် အားကစားပုံရိပ် ပြန်လည်မြင့်မားစေရေး အစွမ်းကုန် ယှဉ်ပြိုင်ကစားကြရန် လိုအပ် ကြောင်း။

မိမိအသင်းအတွက် အောင်မြင် မှုရရှိရန် ကြိုးစားသည့်နေရာတွင် အောင်ပွဲရရင်လည်း ပျော်သကဲ့သို့ အရှုံးကိုလည်း လက်ခံနိုင်သူများ ဖြစ်အောင်ကြိုးစားပြီး အားကစား သမားကောင်းစိတ်ဓာတ်ကို ပြသ ကြရန်၊ အားကစားကဏ္ဍ မြင့်တင် ခြင်းသည် နိုင်ငံတော်ကို တစ်ဖက် တစ်လမ်းက ကာကွယ်စောင့်ရှောက် နေသည်ဆိုသည့် အမျိုးသားရေး ခံယူချက် အသိတရားမွေးမြူပြီး မလျှော့သော ဇွဲလုံ့လများနှင့် ကြိုးစားယှဉ်ပြိုင်ကြရန်၊ စည်းကမ်း ကောင်းမွန်ပြီး စည်းလုံးညီညွတ်မှု ရှိပါက မည်သို့သောပြိုင်ဘက်မျိုး ကိုမဆို ရင်ဆိုင်ယှဉ်ပြိုင်ဝံ့သည် ဆိုသည့် အသိတရားတစ်ခုကို လည်း ဘဝတစ်သက်တာလုံး လက်ကိုင်ထားပြီး လိုက်နာ ကျင့်သုံးသွားကြရန်၊ ရည်ရွယ်ချက် ကောင်းများနှင့် ကျင်းပပေးလျက် ရှိသည့် မိမိတို့၏ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစား ပြိုင်ပွဲအသီးသီးမှတစ်ဆင့် ကိုယ်စီ ရှိထားကြသည့် အရည်အချင်း အသီးသီးကို ဖော်ထုတ်ပြီး နိုင်ငံတော်နှင့် တပ်မတော် အတွက် အားကိုးအားထားပြုရ သည့် **စာမျက်နှာ ၁၀ သို့** ✧

✧ **စာမျက်နှာ ၉ မှ**

အားကစားသမား ကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် စစ်ရေးပြမှူးကြီး ဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင်အသင်းများက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား စစ်ကြောင်းပုံဖြင့်ချီတက်အလေးပြုထွက်ခွာကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက် ရလဒ်ကောင်းရရှိနိုင်ရေးအပြန်အလှန် ဖိအားပေးကစားခဲ့ကြသော်လည်း ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အချိတ်အဆက်မိမိ၊ ကစားကွက်မိမိဖြင့် ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူကာ ကစားနိုင်ခဲ့သောကြောင့် ပွဲကစားချိန် မိနစ်အားလုံး ပြီးဆုံးချိန်တွင် ရန်ကုန် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်ပြိုင်ပွဲ၊ မြန်မာ့သိုင်း (ကျား/မ)ပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲ၊ ဘော်လီဘော(ကျား/မ) ပြိုင်ပွဲ၊ ပြေးခုန်ပစ်(ကျား/မ)ပြိုင်ပွဲ၊ ဂျူဒို (ကျား/မ)ပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲ၊ တိုက်ကွမ်ဒိုပြိုင်ပွဲ၊ ကရာတေးပြိုင်ပွဲနှင့် ရိုးရာခြင်းလုံးပြိုင်ပွဲ စသည့်အားကစားနည်းအမျိုးအစား ၁၂ မျိုးကို အောက်တိုဘာ ၁၆ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) ဟိုတယ်လုပ်ငန်းသုံးပစ္စည်းပြပွဲနှင့် “7th MEMBERS’ GALA DINNER 2026”အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်) မိတ်ဖက်ကုမ္ပဏီများနှင့် ပူးပေါင်းကျင်းပသည့် ဟိုတယ်လုပ်ငန်းသုံးပစ္စည်းပြပွဲနှင့် “7th MEMBERS’ GALA DINNER 2026” ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel Yangon Max ဟိုတယ်၌ ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးနေမင်းထွန်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်) မိတ်ဖက်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



**တိုက်တွန်းပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍသည် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားဧည့်သည်များ ဝင်ရောက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ ဟိုတယ်လုပ်ငန်းများတွင် ဝန်ဆောင်မှု ပိုမိုကောင်းမွန်ရေး၊ လုံခြုံစိတ်ချရမှု၊ အာမခံချက်ရှိမှုနှင့် အဆင်ပြေစေမှုတို့ကို အဓိကထား၍ စနစ်တကျ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အဓိကလုပ်ငန်းစဉ်ဌာနများ၏ အခန်းကဏ္ဍ – Front Office၊ House–keeping၊ Food & Beverage နှင့် Culinary စသည့် အဓိကဌာနများ၏ ဝန်ဆောင်မှုအဆင့်အတန်းမြင့်မားလာစေရန် အသင်းကြီးက ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းများ ရေရှည်တည်တံ့စေရန် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပြီး ပူးပေါင်းဆောင်ရွက်မှုဖြင့် စိန်ခေါ်မှုများကို အားသွန်ခွန်စိုက် ရင်ဆိုင်ကျော်လွှားကြရန် လိုအပ်ပါကြောင်း၊ ရွေးချယ်ခံရသည့် အလုပ်အမှုဆောင်သစ်များနှင့် ဥက္ကဋ္ဌတို့အနေဖြင့် ရန်ကုန်ဇုန်၏ စီးပွားရေးအချက်အချာကျမှုကို အခြေပြုကာ ခရီးသွားများ၏ လိုအပ်ချက်များကို ကူညီပေးပြီး အသစ်သောအားမာန်ဖြင့် တိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်) ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် “Hotel Excellence Award – Short Video ကိုပြသကာ “Hotel Excellence Award 2026” ဆုရရှိသူများအား ဆုဖလားနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**ရွှေဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ပုသိမ်မြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁ ရက်တွင်ကျင်းပရာ တာဝန်ရှိသူများက ဆုရတပ်ဖွဲ့ဝင်များအား ဆုများ ပေးအပ်စဉ်။**

ပုသိမ်လှကြည်



**မြိတ်ခရိုင် မီးသတ်စခန်းတွင် ဖွင့်လှစ်လျက်ရှိသော မြိတ်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် ကျင်းပရာ တာဝန်ရှိသူများက ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။**

ခိုင်ထူး(ပြန်/ဆက်)

# ပြင်ဦးလွင်မြို့၌ အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၂**

ပြင်ဦးလွင်ခရိုင် သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ၏ ဦးဆောင်မှုဖြင့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ချယ်ရီမြေဘိုးဘွားရိပ်သာခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဂုဏ်ပြုခံ သက်ကြီးဘိုးဘွားများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုအသင်း၊ ခရိုင်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများက အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။



အဆိုပါ အခမ်းအနားတွင် အသက်(၁၀၀)နှင့်အထက် အဘိုးတစ်ဦး၊ အဘွားရှစ်ဦးနှင့် ချယ်ရီမြေဘိုးဘွားရိပ်သာနှင့် မျက်မမြင်ကျောင်းတို့မှ အဘိုး ၁၂ ဦး၊ အဘွား ၂၉ ဦး စုစုပေါင်း ၅၀ တို့အား တစ်ဦးလျှင် အလှူငွေကျပ် ခုနစ်သောင်း၊ ချယ်ရီမြေဘိုးဘွားရိပ်သာကော်မတီ အဖွဲ့က ငွေကျပ်နှစ်သောင်း စုစုပေါင်း ကိုးသောင်းကျပ်နှင့် ဂါရဝပြုပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောက်မဲမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆိုင်းဘုတ်များဖွင့်

**ကျောက်မဲ အောက်တိုဘာ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် “ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာခြင်း လူသားအားလုံး အန္တရာယ်ကင်း” ဆိုင်းဘုတ်နှင့် “အန္တရာယ်ကင်းစေဖို့ ဆိုင်ကယ်စီး ဦးထုပ်ဆောင်းကြစို့” အသိပညာပေးဆိုင်းဘုတ်များ ဖွင့်ပွဲကို



အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ကွဲကုန်းကျေးရွာရှိ လားရှိုး-မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေး အမှတ်(၁၂၄) ယာဉ်ထိန်းတပ်စုမှူးရုံးရှေ့၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝေလင်းအောင်နှင့် ဒုတိယရဲမှူး ထွန်းနိုင်မြင့်တို့က အသိပညာပေး ဆိုင်းဘုတ်များအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

❖ **ကျိုက်ထိုမှ**

Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ခြင်းများကို ဥပဒေမဲ့ ယုတ်မာရိုင်းစိုင်းစွာ ကျူးလွန်လျက်ရှိကြပြီး စက်တင်ဘာလ ၃၀ ရက် ညသန်းခေါင်အချိန်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံသို့ အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb နှစ်လုံးဖြင့် ပစ်ချတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၃၀ ရက် ည ၁၂ နာရီ ၁၀ မိနစ် ညသန်းခေါင်အချိန်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံ ဓာတ်အားထိန်းချုပ်ခန်း (Control Room) ပေါ်သို့ အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb နှစ်လုံးဖြင့် ပစ်ချတိုက်ခိုက်မှုဖြစ်ပွားခဲ့ပါသည်။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

အဆိုပါပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဓာတ်အားထိန်းချုပ်ခန်း၏ နံရံများ၊ ခေါင်မိုးသွပ်ပြားများ၊ မျက်နှာကြက်များနှင့် ပြတင်းတံခါးပေါက်မှန်များပျက်စီးခြင်း၊ ၃၃ ကေဗွီနှင့် ၁၁ ကေဗွီ ထိန်းချုပ်ရေးခလုတ်ပုံးများ (Control Panel)ကို ဖုံးစထိမှန်ခြင်း၊ ထိန်းချုပ်ကေဘယ်လ်ကြိုးများ (Control Cable) ပျက်စီးခြင်းနှင့် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါဓာတ်အားခွဲရုံမှ ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားသည့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ကင်မွန်းစခန်း ဓာတ်အားခွဲရုံအား ၃၃ ကေဗွီ ကျိုက်ထိုဓာတ်အားလိုင်းဖြင့် ပြောင်းလဲချိတ်ဆက်၍ နောက်တစ်နေ့ အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီ ၅၅ မိနစ်တွင် ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးနိုင်ခဲ့သော်လည်း ဆောင်နိုင်ကြီး၊ မဲရုံးကြီး၊ မဲရုံးလေးနှင့် ဝင်းကလောကျေးရွာများမှာ ဓာတ်အားပြတ်တောက်လျက်ရှိပြီး အဆိုပါကျေးရွာများမှ ဒေသခံပြည်သူများအား ဓာတ်အားအမြန်ဆုံးပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုဆောင်းပါး

# ဆရာများနှင့်အတူ ရပ်တည်ခြင်း ဆရာ့ဂုဏ်ရည်ကို မြှင့်တင်ကာ အနာဂတ်ပညာရေးကို ပုံဖော်ကြပါစို့…

ဒေါက်တာဇော်ထွန်းအောင် (ပညာရေး)

**ဆရာ့အဆင့်အတန်းမြင့်မားမှ ပညာရေးအနာဂတ် တောက်ပမည်**

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့သည် ဆရာ ဆရာမများ၏ အရေးပါသောအခန်းကဏ္ဍကို ဂုဏ်ပြုသည့်နေ့သာမက ဆရာ့အသက်မွေးဝမ်းကျောင်းလုပ်ငန်း၏ အဆင့်အတန်း၊ လုပ်ငန်းခွင်အခြေအနေ၊ အတတ်ပညာဆိုင်ရာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပြန်လည်သုံးသပ်ရမည့် အခါသမယလည်းဖြစ်ပါသည်။

၂၀၂၆ ခုနှစ်၏ နိုင်ငံတကာဆောင်ပုဒ်မှာ "Standing with teachers: 60 years of protecting the profession, advancing its status and shaping our futures" ဖြစ်ပြီး ၁၉၆၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်(ILO) နှင့် ယူနက်စကို (UNESCO) တို့၏ ဆရာများ၏ အဆင့်အတန်းဆိုင်ရာ အကြံပြုချက် အနှစ် (၆၀)ပြည့်မြောက်ခြင်းနှင့် ဆက်စပ်ပါသည်။ UNESCO ၏ အဆိုအရ ယခုနှစ်အခမ်းအနားသည် ဆရာ့အဆင့်အတန်းကို ကာကွယ်မြှင့်တင်ရန်နှင့် တန်ဖိုးထားအသိအမှတ်ပြုရန် လူမှုအသိုင်းအဝိုင်းနှင့် မူဝါဒချမှတ်သူများအား တိုက်တွန်းမှုဖြင့် ကျင်းပမည်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေ၊ ဆရာ့ဂုဏ်ရည်နှင့် ကျောင်းသားများ၏ အနာဂတ်လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား၍ ဆရာများနှင့်အတူ ရပ်တည်ခြင်းသည် မည်သို့သောလက်တွေ့လုပ်ဆောင်ချက်များဖြင့် အကောင်အထည်ဖော်သင့်သနည်း ဆိုသည့်မေးခွန်းကို အလေးထား စဉ်းစားဆောင်ရွက်မည်ဖြစ်ပါသည်။

**၁။ ဆရာ့ဂုဏ်ရည်ကို ထိန်းသိမ်းမြှင့်တင်ခြင်း—အစဉ်အလာမှ ခေတ်မီအတတ်ပညာဆီသို့**

မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် ဆရာသည် အသိပညာပေးသူ၊ လမ်းညွှန်သူနှင့် လူငယ်မျိုးဆက်များ၏ ကိုယ်ကျင့်တရားနှင့် လူမှုတာဝန်သိစိတ်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုသူအဖြစ် အလေးအမြတ်ထားခံရသည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။ "ဆရာ့ဂုဏ်" ဟူသော အယူအဆတွင် ပညာအရည်အချင်း၊ ကိုယ်ကျင့်တရား၊ စေတနာ၊ ဝါသနာ၊ အနစ်နာနှင့် တာဝန်ယူမှုတို့သည် အရေးကြီးသော အစိတ်အပိုင်းများအဖြစ် ပါဝင်ပါသည်။ ခေတ်မီဆရာအတတ်ပညာတွင် သင်ကြားရေးကျွမ်းကျင်မှု၊ ဘာသာရပ်ဆိုင်ရာ နက်ရှိုင်းသော အသိပညာ၊ ကျောင်းသားဗဟိုပြုသင်ကြားမှု၊ အားလုံးပါဝင်နိုင်သော ပညာရေးအလေ့အထနှင့် ဆက်လက်လေ့လာသင်ယူမှုတို့ကိုလည်း အလေးထားရန် လိုအပ်ပါသည်။

ဆရာ့ဂုဏ်သိက္ခာသည် ဆရာတစ်ဦးချင်းစီ၏ ကြိုးပမ်းမှုဖြင့်သာ တည်ဆောက်ရခြင်းမဟုတ်ပါ။ ဆရာများ၏ အရည်အချင်းကိုမြှင့်တင်ပေးနိုင်သည့် သင်တန်းစနစ်၊ ပညာရေးဆိုင်ရာလမ်းညွှန်မှု၊ အထောက်အကူပြုလုပ်ငန်းခွင်နှင့် တရားမျှတသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများသည်လည်း အရေးပါပါသည်။ ဆရာ့ဂုဏ်ရည်ကိုမြှင့်တင်ခြင်းသည် ဆရာများအပေါ် တာဝန်များကိုသာ တိုးမြှင့်ခြင်းမဟုတ်ဘဲ ၎င်းတို့၏လုပ်ငန်းကို အောင်မြင်စွာထမ်းဆောင်နိုင်ရန် လိုအပ်သောအခြေအနေများကို ဖန်တီးပေးခြင်းလည်း ဖြစ်ပါသည်။

**၂။ အနှစ် (၆၀) ပြည့် အမွေအနှစ်နှင့် ယနေ့ခေတ် ဆရာအတတ်ပညာ၏ စိန်ခေါ်မှုများ**

၁၉၆၆ ခုနှစ် ILO/UNESCO အကြံပြုချက်သည် ဆရာများ၏ အခွင့်အရေးနှင့် တာဝန်များအပြင် ဆရာအဖြစ် စတင်ပြင်ဆင်မှု၊ စဉ်ဆက်မပြတ် ပညာအရည်သွေးမြှင့်တင်မှု၊ စုစည်းမှု၊ အလုပ်ခန့်အပ်မှုနှင့် သင်ကြားသင်ယူရေး အခြေအနေများအတွက် နိုင်ငံတကာ အခြေခံစံနှုန်းများကို ဖော်ပြထားသည့် အရေးကြီးသော စာတမ်းဖြစ်ပါသည်။ UNESCO ၏ ၂၀၂၆ ခုနှစ် အချက်အလက်အရ အဆိုပါအကြံပြုချက်ကို ခေတ်သစ်စိန်ခေါ်မှုများနှင့် ကိုက်ညီစေရန် သုံးသပ်လျက်ရှိပါသည်။

ယနေ့ ဆရာအတတ်ပညာအပေါ် သက်ရောက်လျက်ရှိသော အကြောင်းအရာများတွင်—

- ဆရာများ၏ လုပ်ငန်းခွင်အခြေအနေ၊ လစာနှင့် လုပ်ငန်းတာဝန် ဝန်ထုပ်ဝန်ပိုး၊
- အရည်အသွေးပြည့်မီသော ဆရာများရရှိနိုင်ရေးနှင့် ဆရာများကို ရေရှည်ထိန်းသိမ်းထားနိုင်ရေး၊
- ပညာရေးမူဝါဒများ ချမှတ်ရာတွင် ဆရာများ၏ အသံနှင့် အတတ်ပညာဆိုင်ရာပါဝင်မှု၊
- ဒီဂျစ်တယ်နည်းပညာနှင့် ဉာဏ်ရည်တု (AI) တို့ကြောင့် ပြောင်းလဲလာသော သင်ကြားမှု သင်ယူမှု လိုအပ်ချက်များ၊
- ရာသီဥတုပြောင်းလဲမှု၊ အရေးပေါ်အခြေအနေများနှင့် ကျောင်းသားအားလုံး ပါဝင်နိုင်ရေးဆိုင်ရာ လိုအပ်ချက်များ တို့ပါဝင်သည်။

UNESCO သည် ၂၀၂၆ ခုနှစ် ဆရာများနေ့အတွက် အဆိုပါ စိန်ခေါ်မှုများကို ဆရာ့အဆင့်အတန်း၏ သင်္ကေတဆိုင်ရာ၊ အတတ်ပညာဆိုင်ရာနှင့် ရုပ်ဝတ္ထုဆိုင်ရာအခြေအနေများ စသည်တို့ဖြင့် ဆက်စပ်၍ ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင်လည်း ဆရာများ၏ လုပ်ငန်းခွင်အခြေအနေ၊ အတတ်ပညာဖွံ့ဖြိုးရေး၊ နည်းပညာအသုံးချနိုင်မှုနှင့် ဒေသအလိုက် ပညာရေး လိုအပ်ချက်အခြေအနေမှန်အပေါ်အခြေခံ၍ ဆက်လက်သုံးသပ်ရမည်ဖြစ်ပါသည်။ အခက်အခဲများကိုဖော်ပြရာတွင် ဆရာများ၏ကြိုးပမ်းမှုကို လျှော့နည်းစေခြင်းမရှိဘဲ လုပ်ငန်းတာဝန်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။

> ❛ **ဆရာ့ဂုဏ်သိက္ခာသည် ဆရာတစ်ဦးချင်းစီ၏ ကြိုးပမ်းမှုဖြင့်သာ တည်ဆောက်ရခြင်းမဟုတ်ပါ။ ဆရာများ၏ အရည်အချင်းကိုမြှင့်တင်ပေးနိုင်သည့် သင်တန်းစနစ်၊ ပညာရေးဆိုင်ရာလမ်းညွှန်မှု၊ အထောက်အကူပြုလုပ်ငန်းခွင်နှင့် တရားမျှတသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများသည်လည်း အရေးပါပါသည်။ ဆရာ့ဂုဏ်ရည်ကိုမြှင့်တင်ခြင်းသည် ဆရာများအပေါ် တာဝန်များကိုသာ တိုးမြှင့်ခြင်း မဟုတ်ဘဲ ၎င်းတို့၏လုပ်ငန်းကို အောင်မြင်စွာထမ်းဆောင်နိုင်ရန် လိုအပ်သောအခြေအနေများကို ဖန်တီးပေးခြင်းလည်းဖြစ်** ❜

**၃။ ဆရာများနှင့်အတူ ရပ်တည်ခြင်း – စုစည်းခြင်း၊ လေ့ကျင့်ပေးခြင်း၊ ခွဲဝေချထားခြင်းနှင့် ထိန်းသိမ်းထားရှိခြင်း**

ပညာရေးအရည်အသွေးကို မြှင့်တင်ရန် ဆရာများ၏အရည်အသွေးနှင့် လုံလောက်မှုသည် အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ ထို့ကြောင့် ဆရာအတတ်ပညာဆိုင်ရာ မဟာဗျူဟာများကို ဆရာ့ဘဝတစ်လျှောက် ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိပါသည်။

**(က) အရည်အချင်းရှိသူများကို စုဆောင်းခန့်ထားခြင်း။** ဆရာအတတ်ပညာသို့ ဝင်ရောက်လိုသူများအတွက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လမ်းကြောင်းများကို ရှင်းလင်းစွာ ဖော်ဆောင်ပေးရန် လိုအပ်ပါသည်။ ရွေးချယ်ခန့်ထားရာတွင် ဘာသာရပ်အသိပညာ၊ သင်ကြားရေးစွမ်းရည်၊ ကလေးသူငယ်များနှင့် ဆက်ဆံရေးစွမ်းရည်၊ တာဝန်ယူမှုနှင့် ဆက်လက်လေ့လာလိုစိတ်တို့ကို ထည့်သွင်းစဉ်းစားပါသည်။

**(ခ) အစောပိုင်းဆရာအတတ်ပညာနှင့် ဆက်လက်လေ့လာသင်ယူမှု။** ဆရာတစ်ဦး၏သင်ယူမှုသည် ဘွဲ့ရရှိပြီးချိန်တွင် ရပ်တန့်သွားခြင်းမဟုတ်ပါ။ စတင်တာဝန်ထမ်းဆောင်ချိန် လမ်းညွှန်မှု၊ လုပ်ငန်းခွင်အတွင်း အတွေ့အကြုံမျှဝေမှု၊ သင်ကြားရေးအလေ့အထ ပြန်လည်သုံးသပ်မှုနှင့် ဆက်လက်ကျွမ်းကျင်မှုမြှင့်တင်ရေးတို့သည် အရေးကြီးသောဖြစ်စဉ်တစ်ရပ်ဖြစ်ပါသည်။ ကျောင်းအတွင်း ဆရာအချင်းချင်း ပူးပေါင်းသင်ယူခြင်း၊ အတွေ့အကြုံရှိဆရာများက လမ်းညွှန်ပေးခြင်းနှင့် သင်ကြားရေးပြဿနာများကို အတူတကွ ဖြေရှင်းခြင်းတို့သည် ဆရာအတတ်ပညာကို ပိုမိုခိုင်မာစေနိုင်ပါသည်။

**(ဂ) ဒေသအလိုက် လိုအပ်ချက်နှင့်အညီ မျှတစွာ ခွဲဝေချထားခြင်း။** ကျောင်းသားများ၏ ပညာသင်ယူခွင့်ကို မျှတစွာ အကောင်အထည်ဖော်နိုင်ရန် ဆရာများကို ဒေသအလိုက် လိုအပ်ချက်များနှင့်ကိုက်ညီစွာ ခွဲဝေချထားပေးလျက်ရှိပါသည်။ ဝေးလံခေါင်သီသောဒေသများနှင့် အထူးပံ့ပိုးမှုလိုအပ်သည့်ကျောင်းများတွင် တာဝန်ထမ်းဆောင်နေသော ဆရာများအတွက် လုပ်ငန်းခွင်အထောက်အပံ့၊ နေထိုင်မှုဆိုင်ရာ အဆင်ပြေမှုနှင့် အတတ်ပညာဆိုင်ရာ လမ်းညွှန်မှုတို့ကို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

**(ဃ) ဆရာများကို ရေရှည်ထိန်းသိမ်းထားနိုင်ရန် ပံ့ပိုးခြင်း။** ဆရာများကို ရေရှည်ထိန်းသိမ်းထားနိုင်ရေးသည် လစာတစ်ရပ်တည်းနှင့် မသက်ဆိုင်ပါ။ လုပ်ငန်းခွင်ဘေးကင်းလုံခြုံမှု၊ ကျွမ်းကျင်မှုမြှင့်တင်ရေးအခွင့်အလမ်း၊ အသက်မွေးဝမ်းကျောင်း တိုးတက်ရေးလမ်းကြောင်း၊ ဆုံးဖြတ်ချက်ချမှတ်မှုတွင် ပါဝင်ခွင့်နှင့် အလုပ်တာဝန်များကို သင့်တင့်မျှတစွာ စီမံပေးနိုင်မှုတို့သည်လည်း အရေးကြီးပါသည်။

UNESCO ၏ ဆရာအတတ်ပညာဖွံ့ဖြိုးရေးဆိုင်ရာ ၂၀၂၆ ခုနှစ် အစီရင်ခံစာကလည်း ဆရာအဖြစ် စတင်ပြင်ဆင်မှု၊ ဆရာ့ဘဝတစ်လျှောက် သင်ယူမှု၊ စဉ်ဆက်မပြတ် ပညာအရည်သွေးမြှင့်တင်မှု၊ လမ်းညွှန်မှု၊ ဆက်လက်ကျွမ်းကျင်မှုမြှင့်တင်ရေးနှင့် အသက်မွေးဝမ်းကျောင်းတိုးတက်ရေးတို့ကို ဆက်စပ်စနစ်တစ်ရပ်အဖြစ် အလေးထား ဖော်ပြထားပါသည်။

**၄။ ခေတ်သစ်ဆရာ – နည်းပညာအသုံးချသူသာမက လူသားဖွံ့ဖြိုးရေးကို ဦးဆောင်သူ**

၂၁ ရာစု၏ ပညာရေးသည် စာအုပ်ပါအကြောင်းအရာများကို မှတ်သားနိုင်ရုံဖြင့် မပြည့်စုံတော့ပါ။ ကျောင်းသားများသည် ပြဿနာဖြေရှင်းနိုင်စွမ်း၊ ဝေဖန်စဉ်းစားနိုင်စွမ်း၊ တီထွင်ဖန်တီးနိုင်စွမ်း၊ ပူးပေါင်းဆောင်ရွက်နိုင်စွမ်းနှင့် တာဝန်ယူမှုရှိသော နိုင်ငံသားစိတ်ဓာတ်တို့ကို ဖွံ့ဖြိုးရန် လိုအပ်ပါသည်။

ဤလိုအပ်ချက်များအတွက် ဆရာများသည် သင်ခန်းစာအကြောင်းအရာကို ရှင်းပြပေးသူများအဖြစ်သာမက ကျောင်းသားများကို မေးခွန်းထုတ်စဉ်းစားစေသူ၊ ကိုယ်တိုင်လေ့လာရှာဖွေစေသူနှင့် သင်ယူမှုအပေါ် ယုံကြည်မှုတည်ဆောက်ပေးသူများအဖြစ် ဆောင်ရွက်ရန် လိုအပ်ပါသည်။

**AI နှင့် ဒီဂျစ်တယ်နည်းပညာကို တာဝန်ရှိစွာအသုံးချခြင်း**

ဉာဏ်ရည်တုနှင့် ဒီဂျစ်တယ်နည်းပညာများသည် သင်ကြားရေးအတွက် အထောက်အကူပြုနိုင်သည့်အခွင့်အလမ်းများကို ဖန်တီးပေးနေပါသည်။ သို့သော် နည်းပညာသည် ဆရာ့အခန်းကဏ္ဍကို အစားထိုးရန်ရည်ရွယ်ထားသည့် ကိရိယာတစ်ခုမျှသာ ရှုမြင်ရမည့်အရာမဟုတ်ပါ။

ဆရာများသည် AI မှ ပေးသောအချက်အလက်များ၏ မှန်ကန်မှုကို စစ်ဆေးခြင်း၊ ကျောင်းသားများ၏ ကိုယ်ပိုင်စဉ်းစားနိုင်စွမ်းကို ထိန်းသိမ်းခြင်း၊ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကာကွယ်ခြင်းနှင့် နည်းပညာကို တာဝန်ရှိစွာအသုံးချနိုင်ရေးလမ်းညွှန်ခြင်းတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပါသည်။

AI သည် ဆရာ့အတွေးအခေါ်ကို အစားထိုးသည့် အဖြေရှာသည့်စက်ကိရိယာတစ်ခုမျှသာမကဘဲ ဆရာနှင့် ကျောင်းသားတို့၏ သင်ယူမှုကို ပံ့ပိုးပေးနိုင်သည့် အထောက်အကူပြုကိရိယာတစ်ရပ် ဖြစ်သင့်ပါသည်။

ထို့အပြင် ဒီဂျစ်တယ်အရင်းအမြစ်များကို လက်လှမ်းမမီနိုင်သော ကျောင်းသားများလည်းရှိနိုင်သဖြင့် နည်းပညာအသုံးချမှုသည် ကျောင်းသားအားလုံးအတွက် မျှတသောသင်ယူခွင့်ကို ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ရပါမည်။

စာမျက်နှာ ၁၂ သို့ ❑

# ၂၃၀ ကေဗွီ နေပြည်တော်-၂ ပင်မဓာတ်အားခွဲရုံတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဓာတ်အားပိတ်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးပန်ကြားချက်

**နေပြည်တော် အောက်တိုဘာ ၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတ တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ်ဓာတ်အားပို့လွှတ် ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက် ရှိရာ ၂၃၀ ကေဗွီ နေပြည်တော်-၂ ပင်မဓာတ်အား ခွဲရုံ ၁၀၀ အမ်ဗွီအေ မိန်းထရန်စဖော်မာ၏ ၁၁ ကေဗွီ မြေအောက်ဓာတ်ကြိုးလျှပ်ကာပစ္စည်း ချို့ယွင်းမှု ဖြစ်ပေါ်နေခြင်းကို အစားထိုးလဲလှယ်နိုင်ရန် အဆိုပါ မိန်းထရန်စဖော်မာအား အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဓာတ်အားပိတ် ဆောင်ရွက်မည်ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဟိုတယ်ဇုန် အမှတ်(၂)၊ Naypyitaw State Polytechnic University၊ ဆင်ဖြူရှင်ရပ်ကွက်၊ တပင်ရွှေထီး ရပ်ကွက်၊ နဝဒေးရပ်ကွက်စသည့် ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ အချိန်သုံးနာရီကြာခန့် ယာယီ ဓာတ်အားပြတ်တောက်နေမည် ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးမှတစ်ဆင့် ကြိုတင်အသိပေးထားပြီး ဖြစ်ပါကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေး နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်း သော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင် ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း များကို ဆောင်ရွက်နိုင်ရန် ၂၃၀ ကေဗွီ ပင်မ(၁) ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ တောင်ညိုဓာတ်အားလိုင်းကို အောက်တိုဘာ ၃ ရက်၊ ၁၀ ရက်၊ ၁၇ ရက်တို့တွင် နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဓာတ်အားပိတ် ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင် ရွက်မည့် အဆိုပါနေ့ရက်များတွင် ရွှေနံ့သာရပ်ကွက် နှင့် ကျေးရွာ ၅၁ ရွာတို့တွင် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ် ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူများကို ကြိုတင်အသိပေးထားပြီး ဖြစ်ပါကြောင်း လျှပ်စစ် နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

---

☆ **မုံရွာမှ**

ဖမ်းဆီးရမိသဖြင့် ဇော်နိုင်၊ ကျော်မင်းလွင် (ခ)ဟိန်းထက်ဝင်း၊ ဝမ်းဝမ်းနှင့် ဇော်ဟိန်းထက်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ စက်တင်ဘာ ၂၉ ရက် ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်း အရ သာစည်မြို့နယ် ကွဲတပ်ဆုံကျေးရွာ အနီးတွင် သာစည်မြို့ အမှတ်(၄) မြို့မ ရပ်ကွက်နေ မဝင်းမာဌေး(၃၈)နှစ် မောင်းနှင်ပြီး လှိုင်ကော်မြို့ ဒေါ်ခမ္မ ရပ်ကွက်နေ မစန်းစန်းမြင့်(၄၅)နှစ် လိုက်ပါလာသော SHAYAN 125 အမျိုး အစား ဆိုင်ကယ်အား ရပ်တန့်စစ်ဆေး ရှာဖွေရာ ၎င်းတို့ နှစ်ဦး၏ ခန္ဓာကိုယ်တွင် သိုဝှက်သယ်ဆောင်လာသည့် စိတ်ကြွ ဆေးပြား ၂၄,၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂,၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၄၈၀) ဖမ်းဆီး ရမိသဖြင့် မဝင်းမာဌေးနှင့် မစန်းစန်းမြင့် တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရ သည်။

**သတင်းစဉ်**

■

---

❐ **စာမျက်နှာ ၁၁ မှ**

**၅။ ဆရာ၊ ကျောင်းသား၊ မိဘနှင့် လူမှုအသိုင်းအဝိုင်း – ပညာရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း**

ပညာရေးအောင်မြင်မှုသည် ဆရာတစ်ဦးတည်း၏ ကြိုးပမ်း အားထုတ်မှုဖြင့်သာ ပြည့်စုံနိုင်မည်မဟုတ်ပါ။ ကျောင်းသားများ၏ သင်ယူမှုတိုးတက်ရေးအတွက် ဆရာများ၊ မိဘများ၊ ကျောင်းအုပ်ချုပ် ရေးအဖွဲ့များ၊ ပညာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုအသိုင်းအဝိုင်း တို့၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါသည်။

မြန်မာနိုင်ငံရှိ ကျောင်းများတွင်လည်း ကျောင်းသားများ၏ သင်ယူမှုအခြေအနေကို နားလည်စေရန် မိဘနှင့် ဆရာများအကြား ဆက်သွယ်ဆွေးနွေးမှုများကို မြှင့်တင်နိုင်ပါသည်။ မိဘများသည် အိမ်တွင် စာဖတ်သည့်အလေ့အထကို ပံ့ပိုးပေးခြင်း၊ ကျောင်းတက်ရောက် မှုကိုအားပေးခြင်းနှင့် ကလေးများ၏မေးခွန်းများကို စိတ်ရှည်စွာ နားထောင်ခြင်းတို့ဖြင့် ပါဝင်ရန်လိုအပ်ပါသည်။ ဆရာများအနေဖြင့် လည်း မိဘများနှင့်ဆက်သွယ်ရာတွင် ကျောင်းသားတစ်ဦးချင်းစီ၏ အားသာချက်၊ လိုအပ်ချက်နှင့် သင်ယူမှုတိုးတက်ရေးကို အခြေခံ၍ အပြုသဘောဆောင်သော ဆွေးနွေးမှုများ ပြုလုပ်ရပါမည်။

**ကျောင်းသည် လူမှုအသိုင်းအဝိုင်းနှင့် ချိတ်ဆက်ထားသော သင်ယူရာနေရာ**

ကျောင်းများသည် စာသင်ကြားရာနေရာသာမက လူမှုဘဝ အတွက် လိုအပ်သောတန်ဖိုးများနှင့် အလေ့အထများကို လေ့ကျင့် ပျိုးထောင်ပေးသည့် နေရာများလည်းဖြစ်ပါသည်။ ဒေသခံလူမှု အသိုင်းအဝိုင်း၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ သမိုင်းနှင့် နေ့စဉ်ဘဝ အတွေ့အကြုံများကို သင်ယူမှုနှင့် ချိတ်ဆက်ပေးခြင်းဖြင့် ကျောင်းသား များ၏ သင်ခန်းစာအပေါ် စိတ်ဝင်စားမှုကိုမြှင့်တင်နိုင်ပါသည်။ ထိုသို့သော ပူးပေါင်းဆောင်ရွက်မှုများသည် ဆရာများ၏ လုပ်ငန်း တာဝန်ကို တစ်ဖက်တည်းမှ တိုးမြှင့်ခြင်းမဟုတ်ဘဲ ကျောင်းသားများ ၏ ပညာရေးအတွက် အားလုံးက မျှဝေယူသည့် တာဝန်ယူမှုစနစ်ကို တည်ဆောက်ပေးခြင်းဖြစ်ပါသည်။

**၆။ ဆရာ့အသံကို နားထောင်ခြင်းနှင့် အတတ်ပညာဆိုင်ရာ ဂုဏ်သိက္ခာကိုမြှင့်တင်ခြင်း**

ဆရာများသည် စာသင်ခန်းအတွင်း ဖြစ်ပေါ်နေသော လက်တွေ့ အခြေအနေများကို နေ့စဉ် တွေ့ကြုံနေရသူများဖြစ်သဖြင့် ပညာရေး မူဝါဒများနှင့် သင်ရိုးညွှန်းတမ်းများကို အကောင်အထည်ဖော်ရာတွင် ၎င်းတို့၏ အတွေ့အကြုံနှင့်အမြင်များသည် အရေးပါသည်။

ဆရာများ၏အသံကို နားထောင်ခြင်းသည် ဆုံးဖြတ်ချက်တိုင်းကို ဆရာများ၏ ဆန္ဒတစ်ခုတည်းအပေါ် မူတည်ရမည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရနိုင်သည့်အခက်အခဲများ၊ လိုအပ်သောအရင်းအမြစ်များနှင့် သင်ကြားရေးဆိုင်ရာအခွင့်အလမ်းများကို ပိုမိုနားလည်နိုင်ရန် ဆရာ များ၏ပါဝင်မှုကို စနစ်တကျ ဖော်ဆောင်လျက်ရှိပါသည်။

**ဆရာအတတ်ပညာသည် ယုံကြည်မှုနှင့် တာဝန်ယူမှုအပေါ် အခြေခံသည်**

ဆရာများ၏ အတတ်ပညာဆိုင်ရာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ တာဝန် ယူမှုနှင့် ကျွမ်းကျင်မှုတို့ကို အပြန်အလှန်အားဖြည့်ရန် ဆောင်ရွက် ပေးလျက်ရှိပါသည်။ ဆရာများကို လမ်းညွှန်မှုနှင့် အထောက်အပံ့ ပေးခြင်းသည် ၎င်းတို့၏ လုပ်ငန်းတာဝန် ထမ်းဆောင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်သကဲ့သို့ အတတ်ပညာဆိုင်ရာ ယုံကြည်မှုကိုလည်း ခိုင်မာစေနိုင်ပါသည်။

ဆရာ့ဂုဏ်သိက္ခာကို မြှင့်တင်ရာတွင် ချီးကျူးစကားများနှင့် ဆုတံဆိပ်များအပြင် တရားမျှတသော လုပ်ငန်းခွင်အခြေအနေများ၊ အတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် မူဝါဒဆိုင်ရာဆွေးနွေးမှု များတွင် ပါဝင်ခွင့်တို့ကိုလည်း ထည့်သွင်းစဉ်းစား အကောင်အထည် ဖော်လျက်ရှိပါသည်။

**၇။ မြန်မာနိုင်ငံ၏ ပညာရေးအနာဂတ်အတွက် ဆရာ့အသက်မွေး ဝမ်းကျောင်းလမ်းကြောင်းကို ခိုင်မာစေခြင်း**

မြန်မာနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ့ အတတ်ပညာသည် ရေရှည်အာရုံစိုက်ရမည့် အခြေခံကဏ္ဍတစ်ရပ် ဖြစ်ပါသည်။ ဆရာများ၏ လုပ်ငန်းခွင်အခြေအနေများနှင့် ဒေသ အလိုက် ပညာရေးလိုအပ်ချက်များကို အခြေခံ၍ အောက်ပါလုပ်ဆောင် ချက်များကို ဆက်လက်စဉ်းစားနိုင်ပါသည် –

**ပထမအချက်–ဆရာ့အတတ်ပညာလမ်းကြောင်းကို ပိုမိုရှင်းလင်း စေခြင်း။** ဆရာအဖြစ် စတင်ဝင်ရောက်ရန်၊ လုပ်ငန်းခွင်အတွင်း ကျွမ်းကျင်မှုမြှင့်တင်ရန်နှင့် တာဝန်အဆင့်ဆင့်သို့တိုးတက်ရန် လိုအပ် သောလမ်းညွှန်ချက်များကို စနစ်တကျ ဖြည့်ဆည်းခြင်း၊

**ဒုတိယအချက်–ဆက်လက်လေ့လာသင်ယူမှုကို လက်တွေ့ကျစွာ ပံ့ပိုးခြင်း။** ဆရာများအတွက် ဘာသာရပ်ဆိုင်ရာ၊ သင်ကြားရေး နည်းလမ်းဆိုင်ရာနှင့် ဒီဂျစ်တယ်နည်းပညာဆိုင်ရာသင်တန်းများကို ၎င်းတို့၏ လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီစွာ စီစဉ်ဆောင်ရွက် ပေးခြင်း၊

**တတိယအချက်–ကျောင်းအခြေပြု ပူးပေါင်းသင်ယူမှုကို မြှင့်တင် ခြင်း။** ဆရာအချင်းချင်း အတွေ့အကြုံမျှဝေခြင်း၊ သင်ခန်းစာများကို အတူတကွ ပြန်လည်သုံးသပ်ခြင်းနှင့် လက်တွေ့ပြဿနာများ ပူးပေါင်းဖြေရှင်းခြင်းတို့ကို အားပေးဆောင်ရွက်ခြင်း၊

**စတုတ္ထအချက်–ဒေသအလိုက် ပညာရေးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်း။** မြို့ပြ၊ ကျေးလက်နှင့် ဝေးလံခေါင်သီသော ဒေသများရှိ ကျောင်းများ၏အခြေအနေများ မတူညီနိုင်သဖြင့် ဆရာများနှင့် သင်ယူသူများအတွက် လိုအပ်ချက်အလိုက် ပံ့ပိုးမှုများကို စီမံဖြည့်ဆည်းခြင်း၊

**ပဉ္စမအချက်–ဆရာအတတ်ပညာနှင့် လူမှုအသိအမှတ်ပြုမှုကို အပြန်အလှန်မြှင့်တင်ခြင်း။** ဆရာများ၏ တာဝန်ယူမှုနှင့် အတတ် ပညာဆိုင်ရာစံနှုန်းများကို ထိန်းသိမ်းမြှင့်တင်သကဲ့သို့ ၎င်းတို့၏ လုပ်ငန်းကို လူမှုအသိုင်းအဝိုင်းက တန်ဖိုးထားနိုင်ရန် ပညာရေးဆိုင်ရာ အသိပညာပေးမှုများကိုလည်း အားပေးဆောင်ရွက်စေခြင်း။

ဤလုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ရာတွင် လက်တွေ့အချက်အလက်များ၊ ဆရာများ၏ အတွေ့အကြုံများ၊ ကျောင်းသားများ၏ သင်ယူမှုလိုအပ်ချက်များနှင့် ရရှိနိုင်သော အရင်းအမြစ်များအပေါ် အခြေခံ၍ အဆင့်ဆင့်စီမံဆောင်ရွက်ရပါမည်။

**ဆရာများနှင့်အတူ ရပ်တည်ခြင်းသည် အနာဂတ်မျိုးဆက်များနှင့်အတူ ရပ်တည်ခြင်းပင်**

ကမ္ဘာ့ဆရာများနေ့ ၂၀၂၆ သည် ဆရာများကို ဂုဏ်ပြုသည့် အခမ်းအနားတစ်ရပ်ထက် ပိုမိုကျယ်ပြန့်သောအဓိပ္ပာယ်ကို ဆောင်ကြဉ်း လာပါသည်။ ၁၉၆၆ ခုနှစ် ILO/UNESCO အကြံပြုချက်၏ အနှစ် (၆၀) ပြည့်မြောက်သည့် အခါသမယတွင် ဆရာ့အတတ်ပညာကို ကာကွယ်စောင့်ရှောက်ခြင်း၊ အဆင့်အတန်းမြှင့်တင်ခြင်းနှင့် အနာဂတ် ပညာရေးကို ပုံဖော်ခြင်းတို့အတွက် လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံး၏ တာဝန်ယူမှုကို ပြန်လည်အလေးထားစေပါသည်။

ဆရာတစ်ဦး၏ စေတနာဖြင့် သင်ကြားပေးသော သင်ခန်းစာ တစ်ခု၊ ကျောင်းသားတစ်ဦး၏မေးခွန်းကို စိတ်ရှည်စွာ နားထောင်ပေးမှု တစ်ရပ်နှင့် အခက်အခဲကြားမှ ဆက်လက်အားပေးသောစကား တစ်ခွန်းသည် လူငယ်တစ်ဦး၏အနာဂတ်အပေါ် အဓိပ္ပာယ်ရှိသော သက်ရောက်မှုများဖြစ်ပေါ်စေနိုင်ပါသည်။ ထိုသို့သော နေ့စဉ် လုပ်ဆောင်မှုများကို တန်ဖိုးထားခြင်းနှင့်အတူ ဆရာများ၏လုပ်ငန်းခွင် အခြေအနေ၊ အတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အသက်မွေး ဝမ်းကျောင်းလမ်းကြောင်းများကိုလည်း ပံ့ပိုးဖြည့်ဆည်းပေးရပါမည်။

ဆရာများကို အရည်အချင်းပြည့်မီစွာ ပြင်ဆင်ပေးခြင်း၊ သင်ကြား ရေးအတွက် လိုအပ်သောအထောက်အကူများ ဖြည့်ဆည်းပေးခြင်း၊ ဆရာ့အသံကို နားထောင်ခြင်းနှင့် မိဘ၊ ကျောင်းသား၊ လူမှုအသိုင်းအဝိုင်း တို့၏ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်းတို့သည် ပညာရေးအရည် အသွေးတိုးတက်ရေးအတွက် အခြေခံလုပ်ဆောင်ချက်များဖြစ်ပါသည်။

ဆရာ့ဂုဏ်ရည်ကို မြှင့်တင်ခြင်းသည် ဆရာတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာကို မြှင့်တင်ခြင်းသာမက အနာဂတ်မျိုးဆက်များ၏ သင်ယူခွင့်၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ၏ ရေရှည်ပညာရေး အနာဂတ်ကို ခိုင်မာစေခြင်းလည်းဖြစ်ပါသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆရာများနေ့တွင် ဆရာများ၏စွမ်းဆောင်မှုကို လေးစားအသိအမှတ်ပြုခြင်းနှင့်အတူ ဆရာအတတ်ပညာကို တန်ဖိုး ထားသော လုပ်ငန်းခွင်၊ ဆက်လက်လေ့လာသင်ယူနိုင်သော ပညာရေး စနစ်နှင့် ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံသော ကျောင်းအသိုင်း အဝိုင်းများကို အတူတကွ ဖော်ဆောင်ကြပါစို့။ ဆရာများနှင့်အတူ ရပ်တည်ခြင်းသည် ယနေ့ဆရာများကို ပံ့ပိုးပေးခြင်းသာမက မနက်ဖြန် ၏ ကျောင်းသားများနှင့် လူ့အဖွဲ့အစည်းကိုပါ ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ လမ်းညွှန်ပေးခြင်းပင်ဖြစ်ပါသည်။

**အရင်းအမြစ်များ**

**UNESCO — World Teachers' Day ၂၀၂၆ ခုနှစ် ဆောင်ပုဒ်၊ အနှစ် (၆၀) ပြည့် ILO/UNESCO အကြံပြုချက်နှင့် ဆရာ့အတတ် ပညာဆိုင်ရာ စိန်ခေါ်မှုများ။ UNESCO World Teachers' Day အချက်အလက်များ**

**UNESCO — 2026 Global Celebration ၂၀၂၆ ခုနှစ် အောက်တိုဘာ လ ၅ ရက်နေ့ အခမ်းအနားနှင့် ဆရာ့အဆင့်အတန်းမြှင့်တင်ရေး အဓိကအကြောင်းအရာများ။**

**UNESCO / International Task Force on Teachers for Education 2030**

# ဆပ်ပြာစက်ရုံ (မကွေး)မှ ထွက်ရှိသည့် ပစ္စည်းများကို တွင်တွင်ကျယ်ကျယ်ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မှာကြား

မကွေး အောက်တိုဘာ ၂

မကွေးမြို့နယ် မကြီးကန်ကျေးရွာအုပ်စုအနီးရှိ ဆပ်ပြာစက်ရုံ (မကွေး)မှ ထွက်ရှိသည့် ပစ္စည်းများကို တွင်တွင်ကျယ်ကျယ် ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက ယနေ့နံနက်ပိုင်းတွင် အဆိုပါစက်ရုံသို့ သွားရောက်ကြည့်ရှုစဉ် တာဝန်ရှိသူများအား မှာကြားသည်။



ဆက်လက်၍ Great Myanmar Co., Ltd. ၏ အချိုရည်၊ ရေသန့်နှင့် ရေခဲစက်ရုံ(မကွေး)တွင် ရေသန့်စင်စနစ်များနှင့် ရေသန့်ထုတ်စက်များ တပ်ဆင်ထားရှိမှုနှင့် ပြည်ပမှ ဝယ်ယူထားသည့် ထုပ်ပိုးကုန်ကြမ်းများကို ကြည့်ရှုစစ်ဆေးပြီး အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်ရေး၊ ဒေသတွင်း သုံးစွဲသူပြည်သူများ အရည်အသွေးပြည့်မီသော ထုတ်ကုန်များ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေး၊ စက်ရုံလုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ထုတ်လုပ်ဖြန့်ဖြူး**

အဆိုပါစက်ရုံမှ ၁ လီတာနှင့် ၀.၅၅ လီတာ ရေသန့်ဘူးများ ထုတ်လုပ်လျက်ရှိပြီး ၂၀၂၃ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဩဂုတ်လအထိ ၁ လီတာ ရေသန့်ဘူး ၁၁၀၁၀၅၈၂ ဘူးနှင့် ၀.၅၅ လီတာ ရေသန့်ဘူး ၇၉၃၁၉၄ ဘူး ထုတ်လုပ်နိုင်ကာ ထုတ်လုပ်ထားသော ရေသန့်များကို “Life” တံဆိပ်ဖြင့် မကွေး၊ မင်းဘူး၊ စလင်း၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ အောင်လံ၊ သရက်၊ မင်းလှ၊ မင်းတုန်း၊ ပြည်၊ ပခုက္ကူ၊ မြင်းခြံ၊ ပုဂံညောင်ဦး၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ ပျော်ဘွယ်နှင့် မိတ္ထီလာမြို့များသို့ ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း၊ ၁ လီတာနှင့် ၀.၅၅ လီတာ ရေသန့်ဘူးများအပြင် အချိုရည်နှင့် ရေခဲများကိုလည်း ထုတ်လုပ် ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# ငါးသိုင်းချောင်းမြို့၌ ရေနုတ်မြောင်းများ တူးဖော်

ငါးသိုင်းချောင်း အောက်တိုဘာ ၂

ဧရာဝတီ တိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ရေစီးရေလာ ကောင်းမွန်စေရေးနှင့် ရေကြီးရေလျှံမှု လျော့နည်းစေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းများကို ယနေ့ညနေပိုင်းက ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ငါးသိုင်းချောင်းမြို့ ရွှေဘိုရပ်ကွက် လမ်းမတစ်လျှောက်ရှိ အမှိုက်များ၊ ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်း လုပ်ငန်းများကို ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက စက်ယန္တရားများနှင့် လူအင်အားများ အသုံးပြု၍ ဆောင်ရွက်ကြကြောင်း သိရသည်။

ငါးသိုင်းချောင်း(ပြန်/ဆက်)

## သုံးမျိုးဆရာ ဘုန်းတန်ခိုးပါ

❖ သူလုပ်မြင်ဘိ
ထိမိပညာ
စာတွင်ဖွင့်ဆို
လိုရာဖြည့်လာ
ကိုယ်တတ်သိကာ
ရင်ဝယ်ပါသည်
ဆရာထိုကား
“မြင်ဆရာ”။

❖ သူပြောစကား
အားထားပြုရာ
ခါစဉ်သို့ဝှက်
မက်တန်ဖိုးသာ
ကိုယ်ကကြား၍
အလိမ္မာကို
ကိုယ်တိုးတက်သည်
“ကြားဆရာ”။

❖ နှုတ်မှုလက်မှု
ခုထက်နောင်များ
ထွားကြီးဉာဏ်ထု
နှုကြမ်းသုံးတာ
အတတ်စုသည်
အဆပွားရန်
မြင်းမိုရ်တုဖို့
“သင်ဆရာ”။

❖ ဆရာသုံးမျိုး
တိုးတက်ဝေဆာ
နာယူမှတ်သား
လားရာခရီး
ဘုန်းတန်ခိုးကြောင့်
လောကသာဟု
လိုက်နာထားသော်
ကြံသမျှပြီး။ ။

(၅-၁၀-၂၀၁၆) ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေးဖွဲ့ပါသည်။

ညိုဝင်း(ချစ်မြေ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၂

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေရန်၊ မြန်မာ့သမိုင်းစဉ်ကာလတစ်လျှောက်တွင် အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ်မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်များနှင့် အထွေထွေဗဟုသုတများကို လေ့လာနိုင်စေရန်နှင့် သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

**လာရောက်လေ့လာ**

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (ရွာတော်)၊ ဥတ္တရသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ(ပိုးစာတော)၊ အခြေခံပညာအထက်တန်းကျောင်း (တက်ရှိန်း)၊ အခြေခံပညာအထက်တန်းကျောင်း (သရက်တော)၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (ဘုရားတောင်)တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။



ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မုန့်များ ပေးဝေကြသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကိုမေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

**သတင်းစဉ်**

## စက်မှုလက်မှုပညာသင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း အမှတ်စဉ် (၇) သင်တန်းဆင်း



**အောင်ပန်း အောက်တိုဘာ ၂**

ပြည်နယ်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများနှင့် ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းများတွင် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရန် ရည်ရွယ်ဖွင့်လှစ်သည့် စက်မှုလက်မှု ပညာသင်တန်းနှင့် ဟိုတယ် ဝန်ဆောင်မှုဆိုင်ရာ သင်တန်း အမှတ်စဉ် (၇) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက အောင်ပန်းမြို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း (အောင်ပန်း)၌ ကျင်းပသည်။

**ပေးအပ်**

သင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အမှာစကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ၊ သင်တန်းဆင်းလက်မှတ်နှင့် အလုပ်သမားမှတ်ပုံတင်ကတ်(Labour Card) များကို သင်တန်းသား သင်တန်းသူများထံ ပေးအပ်သည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများ၏ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းဆက်စပ်ပစ္စည်းနှင့် အိပ်ခန်းဆောင် ထိန်းသိမ်းရေး လက်တွေ့သရုပ်ပြသနေမှု၊ အဖျော်ယမကာ ဝန်ဆောင်မှု၊ လျှပ်စစ်၊ လက်ကိုင်ဖုန်း၊ သံဂဟေလုပ်ငန်း၊ မော်တော်ယာဉ် အင်ဂျင်နှင့် အောက်ပိုင်း လက်တွေ့ ပြင်ဆင်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဝမ်းတွင်းမြို့နယ်၌ လေဘေးသင့် လူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**ဝမ်းတွင်း အောက်တိုဘာ ၂**

ဝမ်းတွင်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဝမ်းတွင်းမြို့နယ်အတွင်း လေဘေးသင့်လူနေအိမ်များအား အိမ်ဆောက်ပစ္စည်းဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဆောင်ရွက်သည်။

ဝမ်းတွင်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ဝမ်းတွင်းမြို့နယ်၌ စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းကာ လေပြင်းတိုက်ခတ်မှုကြောင့် လုံးဝပျက်စီးသည့် လေဘေးသင့် အိမ်ထောင်စုတစ်စုနှင့် တစ်စိတ်တစ်ပိုင်းပျက်စီးသည့်အိမ်ထောင်စုကိုးစုအတွက် အိမ်ဆောက်ပစ္စည်းဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး စုစုပေါင်းတန်ဖိုးငွေ ၉၃၆၇၀၈ ကျပ်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ လေဘေးသင့်ပြည်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## တောင်ငူပညာရေးဒီဂရီကောလိပ်၌ ကာယပညာနှင့် အားကစားဒီပလိုမာသင်တန်း ဖွင့်လှစ်



**နေပြည်တော် အောက်တိုဘာ ၂**

တောင်ငူ ပညာရေးဒီဂရီကောလိပ်၌ ကာယပညာနှင့် အားကစား ဒီပလိုမာသင်တန်း အမှတ်စဉ် (၁) ဖွင့်လှစ်လျက်ရှိပြီး အဆိုပါသင်တန်းရှိ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများကို ယနေ့နံနက်ပိုင်းက ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်သည် အဆိုပါကောလိပ်ရှိ မြတ်ပညာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဗလငါးတန်နှင့် ပြည့်စုံသည့် ကျောင်းသား ကျောင်းသူများ ပြုစုပျိုးထောင် မွေးထုတ်ရာတွင် အရေးပါသည့် ကာယဆရာ ဆရာမများ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း၊ ကိုယ်တိုင်တတ်ကျွမ်းနားလည်မှသာ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း မှာကြားကာ သင်တန်းသားများ အတွက် ချီးမြှင့်ထောက်ပံ့ငွေနှင့် စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်သည်။

ထို့ပြင် ကောလိပ်ရှိ ကာယပညာနှင့် အားကစားဒီပလိုမာ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပညာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း (ရန်ကုန်)ရှိ ပညာရေးစီမံအုပ်ချုပ်မှု သင်တန်း အမှတ်စဉ်(၁၀/၂၀၂၆) သင်တန်းသား သင်တန်းသူများဖြစ်သည့် အထက်တန်းကျောင်းအုပ်ဆရာ ဆရာမများ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းအတွင်း တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြဝတီမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မြဝတီ အောက်တိုဘာ ၂**

ကရင်ပြည်နယ် မြဝတီမြို့တွင် ပွင့်လင်းရာသီ၌ မီးဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်၍ အမှတ် (၃)ရပ်ကွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်ခြင်းကို ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မီးသတ်ဆေးဘူးအသုံးပြုပုံ၊ မီးလောင်ကျွမ်းမှုဖြစ်ပွားပါက ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် သိရှိနားလည် ရှောင်ကြဉ်ရမည့်အချက်များကို ဟောပြောသည်။

ဆက်လက်ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး အသုံးပြုနည်းအဆင့်ဆင့်နှင့် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက မီးငြိမ်းသတ်ပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြရာ ကျောင်းသား ကျောင်းသူများက လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**



## လှည်းကူးမြို့နယ် ငမိုးရိပ်ချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်



**လှည်းကူး အောက်တိုဘာ ၂**

လှည်းကူးခရိုင် လှည်းကူးမြို့နယ် မြို့မရပ်ကွက် မင်းကျောင်းချောင်းနှင့် အောင်မင်္ဂလာရပ်ကွက် ငမိုးရိပ်ချောင်းတစ်လျှောက်တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များဆယ်ယူခြင်းနှင့် ဒိုက်များဆယ်ယူခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ Assault Boat နှစ်စင်း၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအဖွဲ့ဝင်များ၊ မြို့ပေါ် ငါးရပ်ကွက် အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့က ငမိုးရိပ်ချောင်းတစ်လျှောက် ပိတ်ဆို့နေသောအမှိုက်များ၊ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဆယ်ယူခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ်(ပြန်/ဆက်)**

## ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ပြည် အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၏ ရှေးဟောင်းသမိုင်းဝင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ၂၆၁၅ နှစ်ပြည့် ဗုဒ္ဓပူဇနိယပွဲတော်၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် (၁၂၇) ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ဖွင့်လှစ်အပူဇော်ခံပွဲ၊ မြို့တွင်းသို့ လှည့်လည်အပူဇော်ခံပွဲတို့ကို နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်အထိ ၁၀ ရက်တိုင်တိုင် ဓာတ်သဘင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပွဲတော်ကြီးအတွင်း ဈေးဆိုင်ခန်းထွက်ရှိလိုသူများ၊ မိတ်ဟောင်းများအနေဖြင့် ယမန်နှစ် ဖြတ်ပိုင်းနှင့်သတ်မှတ်သည့် ဆိုင်ခန်းခငွေများကို အောက်တိုဘာ ၂၈ ရက်မှစ၍ နိုဝင်ဘာ ၉ ရက်အထိ နောက်ဆုံးထား၍ ပေးသွင်းရန်ဖြစ်ပြီး မိတ်သစ်များကို နိုဝင်ဘာ ၁၀ ရက်မှစ၍ နေရာချထားရောင်းချပေးသွားမည်ဖြစ်ကြောင်းနှင့် သိရှိစုံစမ်းလိုပါက ဖုန်း- ၀၅၃-၂၅၁၈၀၊ ၀၅၃-၂၅၀၃၅ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရသည်။ **ဝဏ္ဏာထွန်း (ပြန်/ဆက်)**

# အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်ရိက္ခာ(APTERR) အစီအစဉ်-၃ (၂၀၂၅)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသော ဆန် ၁၆၃ ဒသမ ၈၇၇ တန်အား စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်



**မန္တလေး အောက်တိုဘာ ၂**

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်ရိက္ခာ(APTERR) အစီအစဉ်-၃ (၂၀၂၅)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ရန် လှူဒါန်းသော ဆန် ၁၆၃ ဒသမ ၈၇၇ တန်ကို မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ရာတွင် APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာ Dr. Choomjet Karnjanakesornနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဇော်တို့က လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသော ဆန် ၁၆၃ ဒသမ ၈၇၇ တန် ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်ထံသို့ စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာက ရေဘေးသင့်ပြည်သူတစ်ဦးထံသို့ လည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က APTERRအတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာထံသို့ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ပြီး ရေဘေးသင့် ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါ လှူဒါန်းသော ဆန်အိတ် ၁၆၃ ဒသမ ၈၇၇ တန် ( 50 Kg အိတ် အရေအတွက် ၃၂၇၇ အိတ်)ကို ခရိုင်/မြို့နယ်များမှတစ်ဆင့် စနစ်တကျခွဲဝေပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရွှေ့ပြောင်းသူများအတွက် တို့ဦးတည်၊ ရှေးဦးပြုစုခြင်းဖြင့် အမြဲကူညီ “First Aid in Migration Contexts” ဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂**

၂၀၂၆ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းဌာနချုပ်၌ ရွှေ့ပြောင်းသူများအတွက် တို့ဦးတည်၊ ရှေးဦးပြုစုခြင်းဖြင့် အမြဲကူညီ “First Aid in Migration Contexts” ဆောင်ပုဒ်ဖြင့် ကျင်းပပြီး နေရာဒေသတစ်ခုမှ တစ်ခုသို့ ရွှေ့ပြောင်းသွားလာနေထိုင်ရသူများ၊ ခရီးသွားလာရသူများနှင့် အရေးပေါ်အခြေအနေကြောင့် နေရာရွှေ့ပြောင်းသွားလာနေရသူများအား အထူးဦးစားပေးပြီး ၎င်းတို့၏ အရေးပေါ်ကျန်းမာရေး လိုအပ်ချက်များ၊ ထိခိုက်ဒဏ်ရာရရှိမှုများကို ရှေးဦးပြုစုခြင်းဖြင့် အချိန်မီ ကူညီနိုင်ရန်အတွက် ရည်ရွယ်ကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားတွင် ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေး ကဏ္ဍတွင် လူတိုင်းအတွက် လိုအပ်သော အရည်အသွေးပြည့်ဝသည့် ကျန်းမာရေး ဝန်ဆောင်မှုများ လက်လှမ်းမီရရှိစေရေးကို အခြေခံထားသည့် Universal Health Coverage (UHC) ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ရှေးဦးပြုစုခြင်းလုပ်ငန်းသည် ကျန်းမာရေးစနစ်နှင့် ရပ်ရွာလူထုအကြား အရေးပါသော ပေါင်းကူးကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေကြောင်း ပြောကြားပြီး ရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲ တံခွန်စိုက်ဆုကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွန့်နှင့် တာဝန်ရှိသူများက ရှေးဦးပြုစုခြင်းဆိုင်ရာ ထူးချွန်ဆုရရှိသူများအတွက် ဆုများကိုလည်းကောင်း ပေးအပ်ကာ ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ပြခန်းငယ်နှင့် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့၏ သရုပ်ပြခြင်းတို့ကို ကြည့်ရှုအားပေးသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွန့်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de BAECQUE နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းများ ဖက်ဒရေးရှင်းမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် (တာဝန်) Dr. Sara Ellithy တို့က ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အနေဖြင့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် အခမ်းအနားများကို ၂၀၀၃ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ယခုနှစ် အခမ်းအနားသည် (၂၄) ကြိမ်မြောက်အဖြစ် ကျင်းပသည့် အခမ်းအနားဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ရန်ကုန်တောင်ပိုင်းခရိုင် G.E.C နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး၊ (၂၈) ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် အမှုဆောင်ဒါရိုက်တာအသစ် ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အသင်းသားစာရင်းစစ်၏ အစီရင်ခံစာများ ဖတ်ကြားအတည်ပြုကြပြီး ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ဆုရရှိကြသည့် အသင်းသားများ၏ သား/ သမီး ကျောင်းသား ကျောင်းသူ ၁၁ ဦးတို့အား ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် အမှုဆောင် ဒါရိုက်တာအသစ် ရွေးချယ်တင်မြှောက်ပွဲကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သက်ခိုင်(သန်လျင်)



# ကွမ်းခြံကုန်းမြို့နယ်၌ သန့်ရှင်းရေးဆောင်ရွက်

**ကွမ်းခြံကုန်း အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်ကြီးကြပ်မှုဖြင့် ကွမ်းခြံကုန်းမြို့နယ်၌ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် ယနေ့နံနက်ပိုင်းတွင် ကြံခင်းချောင်းအတွင်းရှိ သစ်ကိုင်းများ၊ အမှိုက်သရိုက်များ၊ ချုံနွယ်များအား ဖယ်ရှားရှင်းလင်းခြင်းနှင့် ချောင်းအနီးပတ်ဝန်းကျင်ရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁ ရက်က (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူးက ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင်ရဲတပ်ဖွဲ့ကွပ်ကဲမှုအောက်ရှိ မြို့နယ်ရုံးများမှ ထူးချွန်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဂုဏ်ပြုဆုများချီးမြှင့်စဉ်။

သက်မောင်(ကျောက်ဆည်)



# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း လေးကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၁၉ ကျောင်းတို့၌ မေ ၄ ရက်မှ အောက်တိုဘာ ၂ ရက်အထိ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ခဲ့ရာ စက်မှုကျောင်းများတွင် ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ၊ အိမ်တွင်းမှုသင်တန်းကျောင်းများတွင် အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ၏ သင်တန်းဆင်းပွဲများကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ဘားအံမြို့ စက်မှု သင်တန်းကျောင်းနှင့် အိမ်တွင်းမှု သင်တန်းကျောင်းတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

အလားတူ သင်တန်းဆင်းပွဲများ ကျင်းပခဲ့သည့် ထားဝယ်မြို့ စက်မှုသင်တန်းကျောင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အောင်ပန်းမြို့ စက်မှု သင်တန်းကျောင်းတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ မုဒုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် မွန်ပြည်နယ် ဝန်ကြီးချုပ်၊ ပုသိမ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လဟယ်မြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးလှထွန်း၊ ဆိုက်ခေါင် အိမ်တွင်းမှု သင်တန်းကျောင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်၊ ကျိုင်းတုံမြို့ အိမ်တွင်းမှုသင်တန်း ကျောင်းတွင် တြိဂံဒေသတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ မြိုင်ကြီးငူ အိမ်တွင်းမှုသင်တန်း ကျောင်းတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့ တက်ရောက်ကြပြီး ကျန် သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှု အောက်ရှိ ဦးစီးဌာနများမှ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများနှင့် ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကျောင်းများတွင် ဖွင့်လှစ်သည့် သင်တန်းများသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၆၈ ဦးဖြင့် မေ ၄ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ နေထိုင်စားသောက်ရေးနှင့် လက်တွေ့ခန်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာ အခမဲ့ ထောက်ပံ့ သင်ကြားပေးခဲ့ပြီး သင်တန်းထူးချွန်ဆု ရရှိသူများအား အပ်ချုပ်စက် တစ်စုံစီနှင့် သင်တန်းသား သင်တန်းသူများအတွက် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ကာ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များ အရစ်ကျရောင်းချပေးခြင်း၊ အလုပ်အကိုင်ရရှိရေးအတွက် မြို့ကြီးများရှိ အထည်ချုပ်စက်ရုံများ၊ စက်မှုဇုန်၊ အလုပ်ရုံ၊ စက်ရုံများနှင့် ဟိုတယ်ဇုန်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေး ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့အချိန်ထိ စက်မှုကျောင်းများတွင် သင်တန်းသား သင်တန်းသူ ၇၂၁၆ ဦးနှင့် အိမ်တွင်းမှုသင်တန်းကျောင်းများတွင် သင်တန်းသား သင်တန်းသူ ၉၈၆၅၈ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မူဆယ်မြို့၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းဆင်း

**မူဆယ် အောက်တိုဘာ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (မူဆယ်)က ဖွင့်လှစ်သင်ကြားသော အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း (အမှတ်စဉ်-၆) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး သင်တန်းကျောင်းအုပ်က သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ သင်တန်းဆင်းလက်မှတ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးMအောင်ဂျာက ပေးအပ်သည်။ ယင်းနောက် သင်တန်းထူးချွန်ဆုရရှိသည့် သင်တန်းသူအား ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ချီးမြှင့်သည့် အပ်ချုပ်စက်တစ်စုံကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဒုတိယဆုနှင့် တတိယဆု ရရှိကြသည့် သင်တန်းသူများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

အဆိုပါ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (မူဆယ်)ကို ၂၀၀၀ ပြည့်နှစ်မှစတင်၍ဖွင့်လှစ်ခဲ့ရာ ယခုနှစ်အထိ သင်တန်းသူပေါင်း ၂၅၀၈ ဦးအား သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ကန်ကြီးထောင့်၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း (RBF) စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကန်ကြီးထောင့် အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် အနောက်စုကြီး ခေတ်မီစံပြကျေးရွာရှိ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို အောက်တိုဘာ ၁ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက အနောက်စုကြီး ခေတ်မီစံပြကျေးရွာသို့ သွားရောက်၍ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း (RBF) စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အဆိုပါ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း (RBF) စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် (ချမ်းသာ) CP ဝက်မွေးမြူရေးလုပ်ငန်းနှင့် (အောင်ဆုပန်) ဖယောင်းတိုင်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇင်စိုး (ပြန်/ဆက်)**



# အင်းစိန်မြို့နယ် သမဝါယမအသင်းစု လီမိတက် နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် အောက်တိုဘာ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ၊ ၂၀၂၄-၂၀၂၅ နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် သမဝါယမအသင်းစုရုံးခန်း၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာ ၊ ဘဏ္ဍာရေးရှင်းတမ်းများကို သဘာပတိက တက်ရောက်လာကြသော အသင်းကိုယ်စားလှယ်များထံမှ အတည်ပြုရယူသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဖွဲ့စည်းရေးကော်မတီမှ ဒုတိယညွှန်ကြားရေးမှူးက သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပြီး အသင်းဝင် အခြေခံအသင်းများအား အစုပေါ်အမြတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**





# တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**ကြို့ပင်ကောက် အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ သင်ကြားပို့ချသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ရပ်ကွက် /ကျေးရွာ စာရေးဝန်ထမ်းစုစုပေါင်း ၁၁၈ ဦး တက်ရောက်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှစတင်ကာ ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာ ၂၁၁ ရွာကို ကွင်းဆင်းကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**

## သုံးခွမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပြီး ဆီထွက်သီးနှံနေကြာနှင့် ပဲပုပ်မျိုးစေ့များပေးအပ်



**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန် တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာ တောင်သူ ဦးမြင့်သောင်း၏ လယ်မြေတွင် ယနေ့နံနက်ပိုင်းက မိုးစပါးစံကွက် ရိတ်သိမ်းရာ မိုးစပါး တစ်ကေလျှင် စပါးတင်း အခြောက်အထွက်နှုန်း ၉၉ ဒသမ ၅၆ တင်း ထွက်ရှိကြောင်း သိရသည်။

**ကြည့်ရှုအားပေး**

စံကွက်ရိတ်သိမ်းပွဲကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ တက်ရောက်အားပေး၍ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးတင့်နိုင်က စံကွက် ရိတ်သိမ်းရခြင်းနှင့် ဆီထွက်သီးနှံ နေကြာနှင့် ပဲပုပ်မျိုးစေ့များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက တောင်သူများအား ဆီထွက်သီးနှံ နေကြာနှင့် ပဲပုပ်မျိုးစေ့များကို ပေးအပ်ကြပြီး မိုးစပါးစံကွက်အား ရိတ်သိမ်း ခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ စပါး၊ ပဲမျိုးစုံနှင့် လယ်ယာသီးနှံများ ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေး အသိပညာပေးဆွေးနွေးပွဲနှင့် ၂၀၂၅-၂၀၂၆ ခုနှစ် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သော ပဲတီစိမ်း ဓာတ်ကြွင်းလွတ် တောင်သူများအား ဂုဏ်ပြုသောအားဖြင့် အကျိုးအမြတ်ခွဲဝေပေးခြင်းကို သုံးခွမြို့နယ် အားကစားခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ၂၀၂၅-၂၀၂၆ ခုနှစ် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သော ပဲတီစိမ်း ဓာတ်ကြွင်းလွတ် တောင်သူများနှင့် တာဝန်ရှိသူများကို အကျိုးအမြတ်များ ခွဲဝေပေးအပ်သည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက မြန်မာ GAP အသိအမှတ်ပြု လက်မှတ်အား Star City Veggie Farm သို့ ပေးအပ်ပွဲကို သန်လျင်မြို့နယ် မြို့ဟောင်း အနောက်ရပ်ကွက် Star City ဝင်းအတွင်းရှိ စိုက်ပျိုးရေးစခန်း Star City Veggie Farm တွင် ကျင်းပသည်။

ဦးစွာ Star City Veggie Farm အတွင်း အော်ဂဲနစ်ဖြင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး မြန်မာ GAP အသိအမှတ်ပြုလက်မှတ်အား ပေးအပ်ရာ Star City အိမ်ရာ ဒါရိုက်တာ ဒေါ်နွယ်နွယ်ထွန်းက လက်ခံရယူသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရန်ကုန်မြို့ အခြေစိုက် ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nguyen Anh Duc နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး သံတမန်ခန်းမတွင် တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## အောင်လံမြို့နယ်၌ စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**အောင်လံ အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် ရှေ့သို့ချီ စာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၂၇ ရက်က သမ္ဘူလကျေးရွာအုပ်စု ရွာသစ်ကျေးရွာတွင် ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးက စာဖတ်ခြင်း၏အကျိုးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စံညီစာကြည့်တိုက်၏ အဓိပ္ပာယ်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက စာကြည့်တိုက်အတွက် အလှူငွေပေးအပ်ခြင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၂၀၀ ကို ပေးအပ်လှူဒါန်းခြင်း၊ အလှူရှင်များက အလှူငွေပေးအပ်ခြင်းများ ဆောင်ရွက်သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးနှင့် စာကြည့်တိုက်အလှူရှင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## ရန်ကင်းမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးတို့က မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးကြပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။ လှလှထွေးပြန်/ဆက်)



## မွေးမြူရေးတိရစ္ဆာန်များအတွက် ကုန်ကျစရိတ်အနည်းဆုံးနှင့် အာဟာရပြည့်ဝစွာ ကျွေးမွေးနည်းခေါင်းစဉ်ဖြင့် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂**

မွေးမြူရေးတိရစ္ဆာန် အစာစရိတ် အနည်းဆုံး ဖြစ်စေရန်နှင့် အာဟာရပြည့်ဝစွာ ကျွေးမွေးနိုင်မည့်နည်းလမ်းများကို စနစ်တကျ အသုံးပြုဆောင်ရွက်ပါက ထုတ်လုပ်မှုကို မထိခိုက်စေဘဲ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများအတွက် အကျိုးအမြတ် ပိုမိုရရှိစေနိုင်မှုကို ပညာပေးဆွေးနွေးနိုင်ရန်ရည်ရွယ်၍ မွေးမြူရေး တိရစ္ဆာန်များအတွက် ကုန်ကျစရိတ်အနည်းဆုံးနှင့် အာဟာရပြည့်ဝစွာ ကျွေးမွေးနည်း ခေါင်းစဉ်ဖြင့် (၁၂၈) ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် မွေးမြူရေး သုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းမီထွေးနှင့် ဦးစီးအရာရှိ ဒေါက်တာ မြရတနာချစ်တို့က မွေးမြူရေး တိရစ္ဆာန်များအတွက် ကုန်ကျစရိတ် အနည်းဆုံးနှင့် အာဟာရပြည့်ဝစွာ ကျွေးမွေးနည်း ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များအပေါ် အသေးစိတ် ပြန်လည်ဖြေကြားကြသည်။

ထို့ပြင် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက မွေးမြူရေးကဏ္ဍ အောင်မြင်စေရန်အတွက် အခြေခံအကျဆုံးနှင့် ကုန်ကျစရိတ်အများဆုံးဖြစ်သည့် အစာအာဟာရစီမံခန့်ခွဲမှုဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ တိရစ္ဆာန်များကို အစာပမာဏများများ ကျွေးခြင်းထက် ခန္ဓာကိုယ်လိုအပ်ချက်နှင့် ကိုက်ညီသော အာဟာရကို စနစ်တကျ ကျွေးမွေးရန်လိုအပ်မှု၊ ဒေသတွင်း၌ လွယ်ကူစွာရရှိနိုင်သော အစာကုန်ကြမ်းများနှင့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို ယူရီးယားဖြင့် အာဟာရမြှင့်တင်ခြင်း၊ အစာချဉ်ဖတ်ပြုလုပ်ခြင်း စသည့်နည်းလမ်းများကို စနစ်တကျ တန်ဖိုးမြှင့်တင်ကျွေးမွေးကြရန် လိုအပ်မှုများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## အိမ်မဲမြို့နယ်တွင် အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲ ကျင်းပ

**အိမ်မဲ အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဇီးကုန်းကျေးရွာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သည့် အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က အမှာစကားပြောကြားသည်။ ထို့နောက် ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်ပြီး သင်တန်းနည်းပြအား အမှတ်တရလက်ဆောင်ပေးအပ်ကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ အိမ်မဲ(ပြန်/ဆက်)

# ပူတာအိုလေဆိပ်ဝင်းအတွင်း ကားပတ်လမ်း ဝဲ/ယာနှင့် မြေကွက်တို့တွင် မြေယာရှုခင်းပြုပြင်၍ နှစ်ရှည်ပင်များနှင့် ပန်းပင်များ စနစ်တကျ စိုက်ပျိုးထားရှိ



ပူတာအို အောက်တိုဘာ ၂

ကချင်ပြည်နယ် ပူတာအိုမြို့ ပူတာအိုလေဆိပ်ဝင်း အတွင်း ကားပတ်လမ်း ဝဲ/ယာနှင့် မြေကွက်တို့တွင် မြေယာရှုခင်းပြုပြင်၍ နှစ်ရှည်ပင်များနှင့် ပန်းပင်များ၊ ပန်းအိုးများ စနစ်တကျ စိုက်ပျိုးဆောင်ရွက်ထားရှိမှု၊ လေဆိပ်ရှေ့ ကားလမ်းဘေးဝဲ/ယာတစ်လျှောက် သန့်ရှင်းမှုရှိစေရေး ဆောင်ရွက်ထားသည်။

ထိုသို့ ဆောင်ရွက်ထားရှိမှုကို ယနေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီးက လေဆိပ်အဝင်လမ်းဘေးရှိ တြိဂံပုံစံ မြေဧရိယာ ပေ ၇၅၀ x ပေ ၃၄၀ x ၈၁၃ ပေအား ပန်းခြံအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပေ ၂၀၀၀ x ၆၅ပေအား ခြံဝင်းခတ်သွားမည့်အစီအစဉ်၊ မြေယာရှုခင်းပြုပြင်၍ ပန်းပင်များစိုက်ပျိုးသွားမည့် အစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် အပိုင်းလိုက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်အတူအခြေခံပညာအထက်တန်းကျောင်း(ပူတာအို) အောင်ဆန်းခန်းမ၌ ကျင်းပသည့် ခရိုင်/မြို့နယ် ပညာရေးဝန်ထမ်းများ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းအုပ်များ၊ Grade-12 သင် ဆရာ ဆရာမများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အမှာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ပူတာအိုခရိုင် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် မတည်ပံ့ပိုးငွေကျပ် သိန်း ၁၀၀ ကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်(Land Depression) ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာ ၂၆ ရက်ညနေပိုင်းမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုဖြစ်ပေါ်၍ မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ် - မြိတ် - တနင်္သာရီ - ဘုတ်ပြင်း - ကော့သောင်း ပြည်ထောင်စုလမ်းကြီးပေါ်ရှိ နေရာအချို့နှင့် မြိတ် - မောတောင် လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်းများ၊ လမ်းပေါ်တွင်မြေပြိုကျ၍ လမ်းပိတ်ခြင်းများ၊ လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များ ပိတ်ဆို့ခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် နေရာများရှိ ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးကူညီကယ်ဆယ်ရေး စခန်းများဖွင့်လှစ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်းတံတားများတွင် ပိတ်နေသည့်မြေကြီးများ၊ အမှိုက်များကို ရှင်းလင်းပေးခြင်း၊ သွားလာ၍မရသော နေရာများ၌ လမ်းလွှဲများ ဖောက်လုပ်ပေးခြင်း၊ မြစ်ရေ ဝင်ရောက်မှုမရှိစေရေး ရေနုတ်မြောင်းများတူးဖော်ခြင်း၊ သစ်ပင်ချုံနွယ်များရှင်းခြင်းနှင့် အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ စက်ယန္တရားများ အသုံးပြုကာ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# သန်လျင်မြို့နယ်၌ ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြော

သန်လျင် အောက်တိုဘာ ၂

သန်လျင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ပူးပေါင်း၍ ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၉ ရက်တွင် ကျောက်ရေတွင်းအထက်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးက ခွေးရူးရောဂါနှင့် ပတ်သက်သော အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောက်ရေတွင်းကျေးရွာတွင် ခွေးရူးရောဂါပြန့်ပွားမှု ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ခွေးနှင့် ကြောင်များကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။



သန်းဝင်း(သန်လျင်)

❑ M-League မှ

ဗဟန်းကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက အား/ကာသိပ္ပံအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် ဇယားထိပ်ဆုံးမှ အား/ကာသိပ္ပံကို အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ယူခဲ့ပြီး ထိပ်ဆုံးသုံးသင်းစာရင်းဝင်ရန် ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် နစ်နာသည့်ရှုံးပွဲဖြစ်ခဲ့ပြီး ငါးမှတ်အသာမှ နှစ်မှတ်အသာရှိတော့ပြီး ချန်ပီယံဆုအတွက် ဒုတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်း၏ ဖိအားပေးခြင်း ခံလာရပြီဖြစ်သည်။

ရတနာပုံအသင်းအတွက် ဂိုးများကို ပြည့်ဖြိုးအောင်က ၁၈၊ ၄၄၊ ၇၀ မိနစ်တွင် ဟက်ထရစ်သွင်းယူပြီး အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုးများကို ၄၅+၁ မိနစ်တွင် ကောင်းခန့်ကျော်၊ ၉၀+၁ မိနစ်တွင် မင်းကိုခန့်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ပြည့်ဖြိုးအောင်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် နှစ်သိန်း ရရှိသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ၅၆ မိနစ်တွင် စိုင်းခန့်မှူးက ဒဂုံစတားယူနိုက်တက်အတွက် ဂိုးစတင်သွင်းယူပြီး သစ္စာအားမာန်အသင်းအတွက် ချေပဂိုးကို ၆၁ မိနစ်တွင် မျိုးမင်းခန့်က သွင်းယူသည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို သစ္စာအားမာန်ဂိုးသမား ဖြိုးသက်ပိုင်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် နှစ်သိန်း ရရှိသည်။

ပွဲစဉ်(၁၇)အပြီးတွင် အား/ကာသိပ္ပံအသင်းက ၄၁ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၃၉ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၃၃ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၃၂ မှတ်၊ ရတနာပုံအသင်းက ၃၁ မှတ်၊ Falcon အသင်းနှင့် သစ္စာအားမာန်အသင်းတို့က ၂၇ မှတ်စီ၊ Galaxy အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့က ၂၅ မှတ်စီ၊ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့က ၁၆ မှတ်စီ၊ စစ်ကိုင်းယူနိုက်တက်အသင်းက ၁၄ မှတ်၊ မြဝတီအသင်းက ခြောက်မှတ်၊ Chinland အသင်းက လေးမှတ်ရရှိထားသည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - ML

✳ ကျောဖုံးမှ

လာအိုအသင်းက ဗီယက်နမ်အသင်းကို အနိုင်ကစားနိုင်သဖြင့် အုပ်စုဒုတိယနေရာရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် အင်ဒိုနီးရှားအသင်းနှင့် တွေ့ဆုံခဲ့ပြီး ၂-၀ ပွဲဖြင့် အရေးနိမ့်သဖြင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် ၂၀၂၂ အာရှအားကစားပြိုင်ပွဲ၏ အမျိုးသား လေးယောက်တွဲပြိုင်ပွဲ ရွှေတံဆိပ်ဆုရှင်အသင်းဖြစ်သော်လည်း ယခုပြိုင်ပွဲတွင် ရွှေတံဆိပ်ကာကွယ်နိုင်ခြင်းမရှိဘဲ ကြေးတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယခုအာရှအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား သုံးမျိုးယှဉ်ပြိုင်ရာ ကြေးတံဆိပ်တစ်ခုသာ ရယူနိုင်ခဲ့သည်။

ရှိုင်းထက်ဇော်

❂ ပေါ်တူဂီမှ

ပေါ်တူဂီအသင်းဟာ ဒိန်းမတ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အုပ်စုအဆင့် သုံးပွဲစလုံးအနိုင်ရရှိကာ ရမှတ်ကိုးမှတ်ဖြင့် ထိပ်ဆုံးမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ပထမဆုံး နိုင်ပွဲရရှိ**

ဂျာမနီအသင်းကတော့ ဆားဘီးယားအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး နည်းပြ ကလော့လက်ထက်မှာ ပထမဆုံးနိုင်ပွဲ ရရှိခဲ့သလို လက်ရှိယှဉ်ပြိုင်ကစားနေတဲ့ နေးရှင်းလိဂ်ပြိုင်ပွဲမှာလည်း ပထမဆုံး နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဂျာမနီအသင်းအတွက် သွင်းဂိုးတွေကို တွမ်ဘစ်ချော့ဖ်နဲ့ ဖလော်ရီဝဲ့ဇ်တို့က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ဂျာမနီအသင်းဟာ ဆားဘီးယားအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့ပေမယ့် အုပ်စုအဆင့် တတိယနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း Grade-5 မှ မရွှေစင်နိုင်နှင့် Grade-3 မှ မရွှေလမင်း၏ ဖခင်အမည်မှန်မှာ ဦးကိုကိုနိုင် [၁၄/ဘကလ(နိုင်) ၂၁၈၆၇၈] ဖြစ်ပါကြောင်း။

ဦးကိုကိုနိုင်
[၁၄/ဘကလ(နိုင်)၂၁၈၆၇၈]

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့၊ အ.ထ.က တပ်နယ် Grade-9 မှ မောင်ပြည့်ဘုန်းသူ၏ ဖခင်အမည်မှန်မှာ ဦးစိန်လွင် [၇/ကတခ(နိုင်)၁၅၃၆၁၈] ဖြစ်ပါကြောင်း။ ဦးစိန်လွင်

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ (ဘ)ဦးစိုးရန်နိုင်၏သား မောင်မိုးပညာစိုး [၉/ဇဗသ(နိုင်)၀၁၂၄၂၅] ၏ မွေးသက္ကရာဇ်အမှန်မှာ (၆-၈-၂၀၀၉) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်နှင့် မိခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အထက-၂၊ Grade-6(C) မှ မောင်သူရိန်ထွဋ်၏ ဖခင် အမည်မှန်မှာ ဦးရဲထွဋ်ဝင်း[၁/မကန(နိုင်)၁၃၉၉၂၃] နှင့် မိခင်အမည်မှန်မှာ ဒေါ်တင်တင်မြင့် [၁/မကန(နိုင်)၁၃၉၉၂၄] ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ချောင်းဆုံမြို့နယ်၊ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း(ရွာလွတ်) Grade-8 မှ မင်းဗညားသက်ထွန်း၏ မိဘအမည်မှန်မှာ မင်းသားငယ် ၁၀/ ခဆန(နိုင်)၀၇၅၀၁၁ နှင့် မိနန်းဝင်း [၁၀/ခဆန(နိုင်)၁၂၆၃၆၆] ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့နယ်၊ အ.လ.က(၃)၊ Grade -7 မှ မအိမ်သဒ္ဒါဖူး၏ ဖခင် အမည်မှန်မှာ ဦးသက်ရှိန်ထွေး [၁၀/ရမန(နိုင်)၁၇၇၀၆၁] ဖြစ်ပါကြောင်း။

**ဦးသက်ရှိန်ထွေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ အိမ်အမှတ်(၅၁၈/က)၊ ဖိုးရာဇာလမ်းတွင် နေထိုင်သူ ဦးကြည်ထွန်း [၁၂/လသယ(နိုင်)၀၁၂၈၄၃] (WKA-၀၈၃၃၄၄)၏ ဖခင်မှာ ဦးအာလေး နှင့် ဦးအလေးသည် အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်-53W/8534၊ အမျိုးအမည်၊ Honda Scoopyi-110၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးအေးမင်း၊ မှတ်ပုံတင်အမှတ် [၅/မရန(နိုင်)၁၀၇၃၇၇] မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာ**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ ပိတောက်ခင်ကျေးရွာအုပ်စု၊ အကွက်အမှတ်(၆၃၅)၊ ပိတောက်ခင်ကွင်း၊ ဦးပိုင်အမှတ်(၈/၄၅) မြေဧရိယာ(၀.၁၃၀) ဧကရှိ ဦးတင်ဝင်းအမည်ဖြင့် မြေငှားဂရန်အား ဦးနေထက်ဝေ [၇/ရတရ(နိုင်)၀၆၉၉၃၅] အမည်သို့ သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ အောက်တိုဘာလ (၁၀)ရက်နေ့မတိုင်မီ အမှတ်(၃)ရပ်ကွက် ရေတာရှည်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဦးနေထက်ဝေ[၇/ရတရ(နိုင်) ၀၆၉၉၃၅]အမည်ဖြင့် မြေငှားဂရန်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**ရေတာရှည်မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ရန်ကုန်တိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အသိပေးအကြောင်းကြားခြင်း

၂၀၂၆-၂၀၂၉ခုနှစ် စတုတ္ထသက်တမ်းကာလအတွက် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် အရွေးချယ်ခံလိုသော အသင်းသားများ နှင့် ဆန္ဒမဲပေးလိုသော အသင်းသားများသည် (၅-၁၀-၂၀၂၆)နေ့မှ စတင်၍ လျှောက်လွှာများကို ထုတ်ယူနိုင်ပြီး (၂၀-၁၀-၂၀၂၆)နေ့တွင် နောက်ဆုံးထား၍ လိုအပ်သော အချက်အလက်များနှင့်အတူ အသင်းသို့ ပြန်လည်ပေးပို့နိုင်ပါသည်။

ရွေးချယ်တင်မြှောက်ရေး ကော်မရှင်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်-81W/86927၊ အမျိုးအမည်၊ Zongshen-110၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ဝင်းလွဲ့လွဲ့ဦး မှတ်ပုံတင်အမှတ် [၅/ယမပ(နိုင်)၁၃၀၉၀၀]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာ**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မွန်အမျိုးသားကျောင်း(အံဒင်)၊ Grade -11 တွင် ပညာသင်ကြားနေသော မင်းဝင်းချမ်း၏ ဖခင် အမည်မှန်မှာ နိုင်ဗိုင်ထွန်း [၆/ကလအ(နိုင်)၀၀၇၀၅၅] ဖြစ်ပါကြောင်း။

**နိုင်ဗိုင်ထွန်း**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ အ.ထ.က(၄)ကျောင်း၊ Grade -9 မှ မသွန်းကေဇင်ထက်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော် [၁၄/ဖပန(နိုင်) ၀၉၇၅၀၆] ဖြစ်ပါကြောင်း။

**ဦးဇော်ဇော်**
**[၁၄/ ဖပန(နိုင်) ၀၉၇၅၀၆]**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ မုပွန်ရပ်ကွက်၊ အကွက်အမှတ်(၈၄)၊ အကွက်အမည်(မွတ်ပွန်)၊ ဦးပိုင်အမှတ်(၄၇က)၊ မြေဧရိယာ(၀.၁၂၂)ဧကရှိ ဘိုးဘွားပိုင်မြေကွက်သည် မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန(၁-က) စာရင်းတွင် ဦးခင်မောင်ထွေး အမည်ဖြင့် မှတ်သားတည်ရှိပြီး ဦးခင်မောင်ထွေးထံမှ ဦးသူရညီညီသည် မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် - ၄၇၅/၂၀၂၆ အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးသူရညီညီမှ အထက်ဖော်ပြပါမြေကွက်ကို ၎င်း၏အမည်သို့ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက ဦးသူရညီညီမှ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါသည်

Yuan Cheng Travels & Tours Co., Ltd အား ဒေါ်စိုးစိုးမြတ်မှ Managing Director အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ ဒေါ်စိုးစိုးမြတ် [၁၃/တကန(နိုင်)၂၄၈၈၃၁]မှာ ရာထူးမှနုတ်ထွက်သွားပါသဖြင့် ဦးသန့်ဇော်ထက် [၁၃/တကန(နိုင်)၂၉၁၇၉၇] မှ Managing Director အဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဦးသန့်ဇော်ထက်မှ Managing Director အဖြစ် တာဝန်ထမ်းဆောင်ခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားများဖြင့် (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**Yuan Cheng Travels & Tours Co., Ltd**

**09-777687773**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ်(၂၄၈/က)၊ (၁၂၀၀) စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၂၄၈/က)၊ မေယုလမ်း၊ (က)ရပ်ကွက်၊ ဦးထွန်းဝင်း(ISN-၂၀၅၉၄၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်- ဦးထွန်းဝင်း (ဖခင်)သည် (၂၅-၈-၂၀၁၅)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်စောကြည်(မိခင်)သည် (၂၅-၂-၁၉၉၀)ရက်နေ့တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ခဲ့ကြပြီး ဦးဝင်းတင်(N/OKA-၀၃၈၈၇၅)၊ [၁၂/ဥကမ(နိုင်)၁၂၈၆၈၉]၊ ဒေါ်တိုးတိုး(ခ)ဒေါ်နုနုရီ [၁၂/ဥကမ(နိုင်)၁၃၀၄၃၇]၊ ဦးအောင်သန်း၊ ဦးထွန်းကျော် သား/သမီး(၄)ဦး မွေးဖွားခဲ့ရာ သားတစ်ဦးဖြစ်သူ ဦးအောင်သန်းသည် (၁၄-၇-၂၀၂၁)ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် ကိတ္တိမသား/သမီးများ မွေးစားထားခဲ့ခြင်းမရှိဘဲ ကွယ်လွန်ခဲ့ပြီး၊ နောက်ထပ်သားတစ်ဦးဖြစ်သူ ဦးထွန်းကျော်သည် (၁၆-၃-၂၀၁၈)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏အစုအတွက် ဇနီးဖြစ်သူ ဒေါ်ခိုင်မွန်သစ်(S/OKA-၁၀၉၃၂၃)၊ [၁၂/ဥကတ(နိုင်)၀၃၇၇၂၄]မှ ဆက်ခံပိုင်ဆိုင်ကြောင်း၊ ကျန်သား/သမီးများဖြစ်သော ဦးဝင်းတင်၊ ဒေါ်တိုးတိုး(ခ)ဒေါ်နုနုရီတို့နှင့် ပူးတွဲ၍ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သား/သမီးနှင့်ချွေးမ(၁)ဦး တော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်းကျမ်းကျိန်အမှတ်-၁၇၀၅၅/၉-၁၂-၂၀၂၅၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသောင်းဌေး၏ သား မောင်မင်းကို [၈/ဆပဝ(နိုင်) ၁၀၅၃၅၂]၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅၄၄၉၀၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ နဝဒေးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃/နဝဒေးရပ်ရှိမြေကွက်အမှတ်(ပစ(B)-၁၁၇၁)ကို ဒုအရခဗပါသီ (ကိုယ်ပိုင်အမှတ်၊ ၃၃၁၆၁၀)၊ (ဘ) ဦးပလာဆာမိ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၉/မထလ(နိုင်)၀၁၃၁၉၃] (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်အေးခန်း(ဘ) ဦးမန်းမဟာမူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၉/မထလ(နိုင်)၀၁၂၉၆၂] မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးချလန်မိတ္တူ၊ ဒုအရခဗပါသီ သေဆုံးကြောင်း အထောက်အထားလက်မှတ်၊ မြေကွက်ပေါ်ရှိ အဆောက်အဦပုံများတို့တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ် (၄/၈-၁)၊ မယ်ဇီကုန်း(၅၉)လမ်းနှင့် မယ်ဇီကုန်း(၆၀)လမ်းထောင့်၊ တိုက်အမှတ်(၂၂၁)၊ (၂)ခန်းတွဲ (၅)ထပ်တိုက်၏ ဒုတိယထပ်(၃လွှာ/ခြေရင်းခန်း) အကျယ်အဝန်း(၁၅ x၅၅)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်"

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းသည် ၁။ ဦးစိုင်းမိုးကျော်ဦး [၇/ပခတ(နိုင်)၀၆၄၀၂၃]၂။ ဒေါ်အိမ့်သီရိကို [၇/ပမန(နိုင်)၁၈၅၃၅၇] တို့မှ ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်ခွင့်ရှိသူမှာလည်း မိမိတို့နှစ်ဦးသာဖြစ်ကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း၊ မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့မရှိပါကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းယမင်း [၁၂/လမန(နိုင်)၁၆၄၆၃၄] မှ (၁-၁၀-၂၀၂၆)ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းယမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၅၂၄၂၄၈၂၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်-ဇဇ-၂၈၊ ဦးပိုင်အမှတ်- ၂၀/ ၅၀x၅၁ကြား၊ ၁၀၉x၁၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ တပ်ကြပ်ကြီးမောင်စိမ့် MDYSW-၀၀၃၄၇၅ [၉/အမရ(နိုင်)၀၀၄၉၅၆]က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်-5A/7793၊ အမျိုးအမည်၊ NISSAN DIESEL CV 46V၊ အမျိုးအစား TRUCK၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင်မြင့်သူ မှတ်ပုံတင်အမှတ် [၅/ခဥတ(နိုင်) ၀၈၈၄၁၄] မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ်- ဇ-၅၊ ဦးပိုင်အမှတ်- ၇-က၊ ၆၁ လမ်း၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ဆန်းသင်း [၉/မဟမ(နိုင်)၀၀၉၂၀၆]၊ ဒေါ်နီနီဝင်း[၉/ခအဇ(နိုင်)၀၃၈၀၀၅]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

### ( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )

### ဗိုလ်တထောင်ခရိုင်တရားရုံး

### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၆၃

| | | |
|---|---|---|
| ဦးအေးမင်းသူ | နှင့် | ဦးလွန်းမောင် |
| **(တရားလို )** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၃၀)ရပ်ကွက် ပိတောက်မြိုင်လမ်း၊ အမှတ်-၁၇၈ နေ တရားပြိုင် ဦးလွန်းမောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက **"ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်)** မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ( ၂ ) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နိုင်လင်း)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်-၁၁- ၁၄၊ ဦးပိုင်အမှတ်- ၇၄/၆၄x ၆၅ကြား၊ ၁၂၉x၁၃၀ လမ်းကြားရှိ ဦးခင်မောင်အမည်ပေါက် တောဂရန်မြေကွက်အား၊ တရားလို ဦးစန်းဝင်းကျော်၊ ဒေါ်အေးအေးမြင့် တို့ကတရားပြိုင် ဦးခင်မောင် အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၂၆/၂၀၂၆) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးစန်းဝင်းကျော်[၅/ရဥန(နိုင်)၀၇၅၁၁၉]၊ ဒေါ်အေးအေးမြင့်[၉/သစန(နိုင်)၀၉၄၆၅၆] တို့က ၂၄၀၀ဝိ/၊ ၄၀၀၀ဝိ/ ငွေသွင်းပြေစာများ၊ မြေချမိန့်၊ တောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်- မမ-၉၊ ဦးပိုင်အမှတ်-၇၃(က)/ ၁၁၆x ၁၁၇ ကြား၊ ၄၉x၅၀ လမ်းကြားရှိ ဂရန်မြေအမည်ပေါက်သူ ဒေါ်ငွေ [၉/မမန(နိုင်)၀၂၀၆၈၉]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၈၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သီသီနွယ် [၈/ရစက(နိုင်) ၀၉၆၈၇၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ်- ဆ-၅၊ ဦးပိုင်အမှတ်- ၂၄ ခဲစင်းမြောက်ခြမ်း/ ၆၈လမ်း၊ ၁၀၈x၁၀၉ လမ်းကြားရှိဂရန်မြေကွက် အမည်ပေါက်သူ ခင်ပွန်း ဦးယဉ်ထွေး ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၈၃၃/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီး ဒေါ်လှမြင့် [၉/မရတ(နိုင်)၀၉၂၅၀၀]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်-ခခ-၅၊ ဦးပိုင်အမှတ်- ၆၅/၆၄x ၆၅ကြား၊ ၁၃၀x၁၃၁ လမ်းကြားရှိ ဦးမောင်မောင် အမည်ပေါက် တောဂရန်မြေကွက်အား အရောင်းအဝယ်စာချုပ်အမှတ် (၃၄၅၅/၂၀၀၄)ဖြင့် ဝယ်ယူခဲ့ကြသော ဦးကျော်ထင်[၉/မရမ(နိုင်)၀၁၆၉၈၂]၊ ဒေါ်နီလာဦး [၉/မရမ(နိုင်)၀၇၉၁၇၃](၎င်းတို့၏ SP ရရှိသူ ဒေါ်တင်မိုးအေး)တို့က (၁၀၅)(၁၀၆) မြေပုံမူရင်းမှာ လက်ဝယ်တွင် ပျောက်ဆုံးသွားပါသဖြင့် ၄၀၀၀ဝိ/ ငွေသွင်းပြေစာ၊ မြေချမိန့်၊ တောဂရန်တို့တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဈ ရပ်ကွက်၊ အကွက်အမှတ်-(ပပ-၅၃)၊ ဦးပိုင်အမှတ်- ၃၀/၅၅x ၅၆လမ်းကြား၊ ၁၃၅x၁၃၆လမ်းကြားရှိ ဒေါ်သန်းသန်းဆင့် အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးသူရိန်လင်းက တရားပြိုင် ဒေါ်သန်းသန်းဆင့် အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ် ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၈၀/၂၀၂၆) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးသူရိန်လင်း [၅/ဝလန(နိုင်)၀၁၃၆၂၇]က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(ခ-၅)၊ ဦးပိုင်အမှတ်(၃)၊ ၆၆x၆၇ ကြား၊ ၁၁၁x၁၁၂ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်အေးခမ်း [၁၃/လရန(နိုင်)၀၃၁၄၆၀]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၁၇/၂၀၁၆)ဖြင့်လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်ခင်ဝင်း [၁၃/မနန(နိုင်)၀၀၉၁၁၅]က ဂရန်မိတ္တူဖြစ်သော RP No-၇၇၆၁/၂၀၂၃-၂၀၂၄(၀၆၇၇၄၈/၂၀၂၄-၂၀၂၅)အား ပယ်ဖျက်၍ မူလဂရန်ဖြစ်သော RP No-၄၂၅၂/၁၉၉၇-၁၉၉၈(၁၉၆၀/၁၉၉၉-၂၀၀၀)အား ပြန်လည်အတည်ပြုပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေများဖြစ်သော ၁။ ဦးစိုးမိုး [၁၂/သဃက(နိုင်)၁၅၀၃၆၈]၊ ၂။ ဦးအောင်သန်း [၁၂/ဥကတ(နိုင်)၀၂၆၆၁၂]၊ ၃။ ဒေါ်ဝင်းဝင်းထိန် [၁၂/သဃက(နိုင်)၀၈၆၆၀၂] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ မြေကွက်အမှတ်-(၃၀၈/က)၊ ဘုရင့်နောင်(၁၂)လမ်း၊ အိမ်အမှတ်(၁၀/က)ရှိ မြေနှင့်နေအိမ်သည် ကျွန်ုပ်မိတ်ဆွေများ၏ဖခင် ဦးရွှေအမည်ပေါက်ပိုင်ဆိုင်သော မြေနှင့်အိမ်ဖြစ်ပြီး ဖခင် ဦးရွှေသည် ၂၀၀၅ ခုနှစ်တွင်လည်းကောင်း၊ မိခင် ဒေါ်တင်လှမှာ ၂၀၁၂ ခုနှစ်တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့ပါသည်။ ၎င်းတို့ကွယ်လွန်ချိန်တွင် သားသမီး(၈)ဦး ကျန်ရှိခဲ့ပါသည်။ အထက်ပါအိမ်မြေတွင် ကျန်ရစ်သူ သားသမီး (၈)ဦးအနက်မှ ဦးစိုးမိုးအပါအဝင် သားသမီး(၄)ဦး နေထိုင်လျက်ရှိပြီး ကျန်သားသမီး(၄)ဦးမှာ ၎င်းတို့ မိသားစုများဖြင့် သီးခြားနေထိုင်လျက်ရှိပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ မြေနှင့်အိမ်သည် အမွေဆိုင်ပစ္စည်းဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေများ၏ သဘောတူခွင့်ပြုချက်မပါဘဲ အထက်ပါမြေနှင့်အိမ်အား မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ်ထားရှိခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပြီး ထိုသူများအပေါ် ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးနွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၃၆)**
**အမှတ်(၄၉၃)၊ ပထမထပ်၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၄၉၇၉၄၁၉၅၊ ၀၉-၄၀၁၅၃၂၅၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စ-ရပ်ကွက်၊ အကွက်အမှတ်-ထထ-၃၇၊ ဦးပိုင်အမှတ်-၄၇-ခ/၅၇x၅၈ လမ်းကြား၊ ၁၂၇x၁၂၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခွဲတကက အောင်ငြိမ်း [၇/ပမန(နိုင်)၀၁၁၂၇၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁)၊ ဦးပိုင်အမှတ်(၂၃)၊ ၆၁x၆၂ လမ်းကြား၊ ၁၂၆x၁၂၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်လင်း [၉/ မရမ(နိုင်)၀၅၆၄၀၆] ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၆၂၀၀/၂၀၁၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြနှင်းဝေ [၁၂/မရက(နိုင်) ၀၈၀၉၅၂]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စ-ရပ်ကွက်၊ အကွက်အမှတ်-ထထ-၁၊ ဦးပိုင်အမှတ်-(၂၄)၊ ၆၁x၆၂ လမ်းကြား၊ ၁၂၆x၁၂၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်လင်း [၉/မရမ(နိုင်)၀၅၆၄၀၆]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၂၀၂/၂၀၁၄)ဖြင့်လွှဲအပ်ခြင်းခံရသူ ဒေါ်မြနှင်းဝေ[၁၂/မရက(နိုင်)၀၈၀၉၅၂]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်-ထထ-၁၊ ဦးပိုင်အမှတ်-(၃)/၆၁x၆၂ လမ်းကြား၊ ၁၂၆x၁၂၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်လင်း [၉/မရမ(နိုင်)၀၅၆၄၀၆]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၂၀၁/၂၀၁၄) ဖြင့်လွှဲအပ်ခြင်းခံရသူ ဒေါ်မြနှင်းဝေ[၁၂/မရက(နိုင်)၀၈၀၉၅၂]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ သထုံမြို့၊ နောင်ဘိုကျေးရွာအုပ်စု၊ ကွင်းစပ်-၁ ကျေးရွာနေ(ဘ) ဦးကြီးရွှေ ၏ သား ဦးသောင်းကြည် (၁၀/သထန(နိုင်)၁၁၅၈၄၆)၏အမည်မှန်မှာ ဦးသောင်းကြည် ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်သည်(၂-၄-၁၉၇၅) ရက်နေ့ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစိုးပြည့်လင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၅၆)**
**LL.B,D.I.L,WIPO(switzerland)**
**အမှတ်(၁၆၄)၊ဗိုလ်ဆွန်ပက်လမ်း(လယ်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း ၀၉ ၅၄၀၆၄၈၇ ၊ ၀၉ ၇၈၅၄၀၆၄၈၇**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် (၅၇)၊ ၅-လွှာ (ဘီ) နေ ဦးလင်းမင်းထွန်း [၁၂/စခန(နိုင်)၀၀၁၁၆၉] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၂၅)၊ မြေညီထပ်(အေ)တိုက်ခန်းမှာ ကျွန်ုပ်အမှုသည်ဖြစ်သူ ဦးလင်းမင်းထွန်း၏ဖခင် ဦးမောင်မောင်ရီ၏ တစ်ဦးတည်းအမည်ပေါက် ဝယ်ယူပိုင်ဆိုင်ခဲ့သော အခန်းဖြစ်ပြီး အခန်းဝယ်ယူစဉ်ကတည်းက ကျွန်ုပ်အမှုသည် ဦးလင်းမင်းထွန်းမှ "သုခ" အမည်ဖြင့် တာယာဆိုင်ကို ဖွင့်လှစ်ရောင်းချသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ဖခင် ဦးမောင်မောင်ရီကွယ်လွန်ပြီးနောက်ပိုင်းတွင် အထက်ဖော်ပြပါအခန်းမှာ ကျွန်ုပ်အမှုသည် ဦးလင်းမင်းထွန်းမှ ဩရသသားတစ်ဦးဖြစ်၍ ဦးလင်းမင်းထွန်း၏ ဩရသအခွင့်အရေးအရ ပိုင်ရေးပိုင်ခွင့်ရှိသည့်အတွက် ကျွန်ုပ်အမှုသည် ဦးလင်းမင်းထွန်းသိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်း၊ ပေါင်နှံ၊ ရောင်းချခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချိုချိုလင်း LL.B, H.G.P, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၁၁)**
**အမှတ် (၄၇) ၊ ၃-လွှာ၊ ဓမ္မာရုံလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၅၀၃၅၆၃၅၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ်-၆၂၂(ခ)၊ အကျယ်အဝန်း (အလျား ၆၀ပေ x အနံ ၂၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်လဲ့ရည်ဖြူ [၇/ဒဥန(နိုင်) ၁၀၁၄၁၇] အမည်ပေါက်၍ တရားဝင်လက်ဝယ်ပိုင်ဆိုင်ကြောင်း ဖွင့်ဟဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်း (မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြူကြူဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၈၂)**
**အမှတ်-၉၊ (၁၅၇)လမ်း၊ (က+ဂ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၅၇၄၆၀**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ထိပ်တင်မှတ်(၆)လမ်း၊ မြေကွက်အမှတ်(၂၅၅)၊ (အလျား ၄၂ ပေx အနံ ၆၀ ပေ)၊ ဧရိယာ(၂၅၂၀)စတုရန်းပေ၊ နှစ်(၆၀)မြေငှားဂရန်စာချုပ်အမည်ပေါက် (ဦးဝင်းသိန်း) မြေကွက်အနက်မှ (အလယ်ခြမ်း) (အလျား ၁၀ ပေx အနံ ၆၀ ပေ)မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သင်းသင်းအေး [၉/မနမ(နိုင်)၁၂၃၆၈၀]မှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအိမ်မြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိရွှေစင် (LL.B, DBL, DIL) ဦးရဲမျိုးမင်းကျော် (LL.B,DBL,DIL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၁၇) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၉၀၀)**
**အမှတ်(၄၉၃)၊ ဝေဘာဂီလမ်း၊ (ဠ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၆၉၀၈၆၉၄၁၊ ၀၉-၂၅၆၀၆၂၉၅၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁၄)၊ ဦးပိုင်အမှတ်(၁၅-ည)၊ ရတနာပုံတက္ကသိုလ်မြောက်ဘက်၊ ရန်-မန်းကားလမ်းနှင့် ရန်-မန်းကားလမ်း အမြန်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီကိုယ်စား ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေ့ယုံ[၁၃/တယန(နိုင်)၀၀၀၃၀၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အခြေခံပညာနှင့်စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မောင်ဖွဲ့ပိုင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းကိုကို [၁၂/တကန(နိုင်)၂၈၃၈၅၂] ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ ရပ်ကွက်၊ အကွက်အမှတ်-ခ-၅၊ ဦးပိုင်အမှတ်-၂၊ ၆၆x၆၇ ကြား၊ ၁၁၁x၁၁၂ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူဒေါ်အေးခမ်း [၁၃/လရန(နိုင်)၀၃၁၄၆၀]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၁၇/၂၀၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်ခင်ဝင်း [၁၃/မနန(နိုင်)၀၀၉၁၁၅]က ဂရန်မိတ္တူဖြစ်သော RP No-၇၇၆၂/၂၀၂၃-၂၀၂၄ (၀၆၇၇၄၁/၂၀၂၄-၂၀၂၅)အား ပယ်ဖျက်၍ မူလဂရန်ဖြစ်သော RP No. ၄၂၅၃/၁၉၉၇-၁၉၉၈ (၁၉၅၆/၁၉၉၉-၂၀၀၀) အား ပြန်လည်အတည်ပြုပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၇)၊ ဦးပိုင်အမှတ်(၁၈) ခဲစင်းအရှေ့ခြမ်း၊ ၅၁x၅၂ လမ်းကြား၊ ၁၀၉x၁၁၀ လမ်းကြားရှိ တပ်ကြပ်ကြီးဉာဏ်ရွှေ အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်စုစုထွေးက တရားပြိုင် တပ်ကြပ်ကြီးဉာဏ်ရွှေအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၂၇၁/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်စုစုထွေး [၁၃/မဆတ(နိုင်)၀၂၉၉၈၃] က ၂၄၀၀ဝိ/၄၀၀၀ဝိ ငွေသွင်းပြေစာများ၊ မြေချမိန့်၊ တောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဈ-ရပ်ကွက်၊ အကွက်အမှတ်-H-၂၀၉၊ ဦးပိုင်အမှတ်-၂ခဲစင်း/ ၅၁x၅၂ ကြား၊ ၁၃၇x၁၃၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဇော်ထက်[၉/မဟမ(နိုင်)၀၂၅၆၄၉]၊ ဦးအောင်ဘ [၉/မဟမ(နိုင်)၀၂၅၅၇၃]တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်နှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၇၊ မြေကွက်အမှတ်-၃၀၆၊ အကျယ် (၄၀' x ၆၀')၊ မြေအမျိုးအစား - ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်-၃၀၆၊ ၁၄၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်ခင်စိန်ချို (ISN - ၄၉၇၆၁၈) အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးမင်းသူအောင် [၁၂/ဒဂတ(နိုင်)၀၅၁၄၅၄]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးမင်းဟိန်း ဦးဟိန်းစိုး**
**အထက်တန်းရှေ့နေ (စဉ် - ၅၆၁၃၉) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၄)**
**အမှတ် (၃၃/၄၉)၊ Strand Condo, အခန်းအမှတ်-၄၀၂၊ (၄-လွှာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ တိုက်အမှတ်-၃၅၉၊ (၂ )ခန်းတွဲ၊ (၆ )ထပ်တိုက်၊ ၅-လွှာမှ မျက်နှာမူ(ယာ) အကျယ်အဝန်း (၁၃ x ၅၀) ပေ၊ ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေမော်တာ ပါရှိသော တိုက်ခန်းနှင့် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးတို့အား ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းအား ဦးစိုးကျော်ဌေး [၁၀/မလမ(နိုင်)၂၇၆၃၉၁] မှ တရားဝင်ပိုင်ဆိုင် လက်ရှိထားပြီးရောင်းချနိုင်ခွင့်ရှိကြောင်း ကတိပြုသဖြင့် ဦးစိုးသိန်း [၁၀/မလမ(နိုင်)၂၃၇၂၂၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် (၁-၁၀-၂၀၂၆) ရက်စွဲပါစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်နိုင်ခွင့်ရှိသည်ဆိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်တွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ - ဦးစိုးသိန်း [၁၀/မလမ(နိုင် )၂၃၇၂၂၂]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သူဇာအောင်** | **ဒေါ်ရီနွယ်သန်း** | **ဒေါ်ဝင်းဝင်းခိုင်** |
| **LL.B, DBL, Wipo Switzerland** | **LL.B (စဉ်-၅၅၁၇၁/၂၂)** | **LL.B (စဉ်-၅၅၇၈၇/၂၂)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၈၇၉ /၂၀၁၇)** | **အထက်တန်းရှေ့နေများ** | |

**ရုံးအမှတ် - ၂၄၄ -က၊ ပထမထပ်၊ သံသုမာလမ်းမကြီးပေါ်၊ သွပ်ပိုင်းကြီးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉ - ၄၂၀၀၀၉၉၃၇၊ ၀၉ - ၇၆၄၂၀၆၁၂၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၁၄၀)၊ မဂ္ဂင်လမ်း၊ မြေကွက်အမှတ် (၁/၀၈/က)၊ အကျယ်အဝန်း (၂၀ x ၆၀) ပေ ဦးသက်တင် [၁၂/တမန(နိုင်)၀၉၁၀၁၀]အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဒေါ်မြင့်ဦး [၁၂/တမန(နိုင်)၀၂၇၃၅၇]မှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်း၍ အပေါင်အနှံကင်း၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်မ ဒေါ်ထိုက်ထိုက်နိုင် [၁၂/မဂဒ(နိုင်)၀၄၄၂၆၉]က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ထိုက်ထိုက်နိုင်**
**[၁၂/မဂဒ(နိုင်)၀၄၄၂၆၉]**
**တိုက်အမှတ် (၁၃၈)၊ (၅ လွှာ-4)၊ သုမင်္ဂလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ 09-5039631**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်-၈၈-၂၇၊ ဦးပိုင်အမှတ်- ၁၈ ခဲစင်းအနောက်ခြမ်း၊ ၅၁x ၅၂ ကြား၊ ၁၀၉x၁၁၀ လမ်းကြားရှိ တပ်ကြပ်ကြီးဉာဏ်ရွှေအမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးမိုးဝင်းက တရားပြိုင် တပ်ကြပ်ကြီး ဉာဏ်ရွှေအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၇၂/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးမိုးဝင်း [၉/မကန(နိုင်)၁၀၃၇၈၈]က ၂၄၀၀ဝိ/၊ ၄၀၀၀ဝိ/ငွေသွင်းပြေစာများ၊ မြေချမိန့်၊ တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

